ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ တနင်္လာနေ့၊ (15-8-2005) (၄၆၈၈)

အဆင့်အတန်းရှိရှိ၊ ဂုဏ်သိက္ခာရှိရှိ ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်

နိုင်ငံတော် အစိုးရက စေတနာထား အကောင်အထည်ဖော် ပေးမှုများနှင့် လိုက်လျောညီစွာ အဆင့်ဆင့်သော တာဝန်ခံများ၊ ဝန်ထမ်းများ၊ ရပ်ကွက်၊ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များသည် မိမိတို့၏ လုပ်ငန်းများကို အဆင့်အတန်းရှိရှိ၊ ဂုဏ်သိက္ခာရှိရှိ ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်။

ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ပြည့်စုံမြင့်မားလာရေး ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိ သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးသည့်ဒေသ၌တည်ရှိနေသော ရေအရင်းအမြစ်များ ဖော်ထုတ်စုစည်း သိုလှောင်အသုံးချနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးနေ



ရန်ကုန် ဩဂုတ် ၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါလျက် ဩဂုတ် ၁၂ရက် နံနက် ၉နာရီ ၁၅မိနစ်တွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ မကွေးတိုင်း ပခုက္ကူမြို့ ပခုက္ကူလေဆိပ်သို့ရောက်ရှိရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သာအေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ အမှတ်(၁၀၁) ခြေမြန် တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးမောင်မောင်အုန်း၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း

ထို့နောက် ပခုက္ကူမြို့နယ် ရွှေတန့်တစ်နှင့် မယ်တော်လှဘုရားအကြားဒေသ၌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပေါက်နှင့် ဆိပ်ဖြူ မြို့နယ်ငါးမြို့နယ်ရှိ ရေခက်ခဲသည့် ကျေးရွာပေါင်း ၈၇၄ ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်လျက်ရှိရာ မကြာမီ ခရိုင်လုံးကျွတ် ဆောင်ရွက်ပြီးစီးတော့မည် ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြိုင်မြို့ ရပ်ကွက်(၂) ငှက်ပျောတွင်းရပ်၌ စည်ပင်သာယာရေးဦးစီးဌာန၏ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၅-၈-၂၀၀၅ (တနင်္လာနေ့)

အမျိုးသားစီးပွားရေး ပိုမိုတိုးတက်ဖြစ်ထွန်းအောင် လယ်ယာ၊ သစ်တော၊ သားငါး ကဏ္ဍအလိုက်ကြိုးပမ်းစွမ်းဆောင်

အမျိုးသားစီးပွားရေးဘဝ ရှင်သန်ဖွံ့ဖြိုးရေးတွင် စီးပွားရေးအခြေခံ အဆောက်အအုံများ တောင့်တင်းခိုင်မာရေးသည် ပင်မလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းလုံး၌ စီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် စီမံဖြည့်ဆည်းပေးနေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၏ သဘာဝသယံဇာတများကို အမျိုးသားရေးအကျိုးစီးပွားအတွက် ဖော်ထုတ်အသုံးချရေးနှင့်စပ်လျဉ်း၍ **နိုင်ငံတော်ကြီး တိုးတက်ရာတိုးတက်ကြောင်းအတွက် နိုင်ငံတော်အစိုးရနဲ့ပြည်သူ ညီညွတ်စွာပူးပေါင်းပြီး နိုင်ငံတော်ရဲ့ ကြွယ်ဝတဲ့ သဘာဝသယံဇာတ အရင်းအမြစ်တွေကို ဖော်ထုတ်အသုံးချသွားရမှာဖြစ်တယ်** ဟူ၍ လမ်းညွှန်မိန့်ကြားထားသည်။

မြန်မာနိုင်ငံ၏ အခြေခံစီးပွားရေးစွမ်းအားစုများတွင် ပါဝင်သည့် လယ်ယာ၊ သစ်တောနှင့်သားငါးကဏ္ဍ သုံးရပ်သည် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတိုးတက်ဖြစ်ထွန်းရေးအတွက် အဓိကအားထားရသော ကဏ္ဍများဖြစ်သည်။ အဆိုပါ ကဏ္ဍသုံးရပ်တွင် နိုင်ငံသူ၊ နိုင်ငံသားအများစု၏ လူမှုစီးပွားတိုးတက်မြင့်မားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖော်ထုတ်အသုံးချနိုင်မည့် သယံဇာတအရင်းအမြစ်များဖြင့် ပြည့်စုံနေသည်ကို တွေ့ရသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများကို ဘဏ္ဍာငွေအမြောက်အမြားအကုန်အကျခံကာ တည်ဆောက်ပေးနေသည်။ နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသော အခြေခံကောင်းများကို ခေတ်မီတိုးတက်သည့် အသိပညာ၊ အတတ်ပညာ စွမ်းအားများဖြင့်ပေါင်းစပ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။

ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့သည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးတွင် အဓိကအားထားရသော တိုင်းကြီးများဖြစ်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများက နှစ်စဉ် စပါးအထွက်နှုန်းတိုးရေး၊ ဝါဂွမ်း၊ ကြံ၊ ပဲအမျိုးမျိုးနှင့် ပြောင်းစသည့်သီးနှံများ၊ ဒေသနှင့် ကိုက်ညီသည့်သီးနှံများ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးတွင် အဓိကအရေးပါသော ကဏ္ဍတစ်ခုဖြစ်သည့် သစ်တောကဏ္ဍကိုကြည့်ပါက မြန်မာနိုင်ငံ ဧရိယာ၏ထက်ဝက်ကျော်သည် သစ်တောများဖြင့် ဖုံးလွှမ်းတည်ရှိနေသည်။ အာရှနှင့်ပစိဖိတ်ဒေသရှိ သစ်တောဖုံးလွှမ်းမှု အကြီးမားဆုံးဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ယခုအခါ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်းအရ သစ်တောစိုက်ခင်းများ ထူထောင်လျက်ရှိသည့်နည်းတူ သစ်တောဦးစီးဌာနက အထူးကျွန်းစိုက်ခင်းများအပါအဝင် ရေဝေရေလဲသစ်တောစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ဒေသခံပြည်သူများကလည်း မြန်မာနိုင်ငံ၏ ကြွယ်ဝသော သဘာဝသစ်တောများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးရေးအတွက် သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သားငါးကဏ္ဍအနေဖြင့် ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ်တို့သည် ငါး၊ ပုစွန်မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ရေ၊ မြေ အခြေခံကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။ ယခုအခါ ငါး၊ ပုစွန်များကို နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့နေသည်။ ငါးထွက်ကုန်တင်ပို့မှုသည် ၁၀နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် ခြောက်ဆမျှ တိုးတက်လျက်ရှိသည်။ သဘာဝသယံဇာတ ကြွယ်ဝမှုနှင့် ဒေသအလိုက်ဖြစ်တည်နေသည့် အခြေအနေကောင်းများကို အပြည့်အဝအသုံးချပြီး ရေထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ် တင်ပို့နိုင်ရေး ဆက်လက် ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားစီးပွားရေးဘဝ ပိုမိုတိုးတက်ဖြစ်ထွန်းရေးအတွက် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ အရင်းအမြစ်များ ကြွယ်ဝမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အစွမ်းကုန် ဖော်ထုတ်အသုံးပြုပြီး လယ်ယာ၊ သစ်တော၊ သားငါး ကဏ္ဍအလိုက် ထုတ်လုပ်မှုမြင့်မားလာရေး အားသွန်ခွန်စိုက် ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ချီးမြှင့်သည့် လုပ်ရှားမှု ထူးချွန်ပထမဆုနှင့်အကောင်းဆုံးစာတမ်း ပထမဆုရ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ချီးမြှင့်သည့်လှုပ်ရှားမှု ထူးချွန်ပထမဆုနှင့် အကောင်းဆုံးစာတမ်းပထမဆုရ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ညနေ ဖနာရီခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ခန်းမဆောင်၌ ကျင်းပသည်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က လှုပ်ရှားမှုထူးချွန် ပထမဆုကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ချီးမြှင့်သည့် လှုပ်ရှားမှု ထူးချွန်ပထမဆုနှင့် အကောင်းဆုံး စာတမ်းပထမဆု ရရှိခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းတို့က လှုပ်ရှားမှုထူးချွန်ပထမဆုနှင့် အကောင်းဆုံး စာတမ်းပထမဆုတို့ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ထွေးတို့က တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဦးသိန်းစိန် အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများဟောပြောပို့ချ

ရန်ကုန် ဩဂုတ် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မြို့တော်ခန်းမ၌ တိုက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၁၆/၂၀၀၅)မှ သင်တန်းသား ၁၅၀တို့အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ ဟောပြောပို့ချသည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် အ-ထ-က သုဝဏ္ဏ၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ် မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ရက်က သီရိသုဝဏ္ဏပညာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းက ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘာသာစုံ ဂုဏ်ထူးရှင် မောင်ဇော်သီဟအား ရွှေတံဆိပ်နှင့် ဂုဏ်ပြုဆု ချီးမြှင့်စဉ်။
(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၀၅ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	သစ်ခွ
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၅	ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	မြွေအန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့် အချက်များ
၈း၃၅	မိုးလေဝသခန့်မှန်းချက်
၈း၄၀	Learning English (European Food Equipment)
၈း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	မြန်မာ့ရိုးရာ ခြင်းလုံးအားကစား
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	သူ့ဘဝသူ့အနုပညာ (ရုပ်ရှင်တည်းဖြတ်ပညာရှင် ထပ်ဆင့်အကယ်ဒမီ ဦးမြင့်ခိုင်နှင့်တွေ့ဆုံခြင်း)
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်းမြန်မာ့တူရိယာစောင်း
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ဖီဖာကမ္ဘာ့ဖလား ၂၀၀၂
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့် ကမ္ဘောဒီးယားဘုရင် ပေကျင်း၌ တွေ့ဆုံ တရုတ်နှင့်အာဆီယံ ဆက်ဆံရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်

ပေကျင်း ဩဂုတ် ၁၃

တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်သီဟာမိုနီနှင့် မြို့တော်ပေကျင်းတွင် ဗုဒ္ဓဟူးနေ့က တွေ့ဆုံဆွေးနွေးသည်။

မိမိတို့နှစ်နိုင်ငံခေါင်းဆောင် အဆက်ဆက်က ကြိုးပမ်းအားထုတ်မှုများအရ နှစ်နိုင်ငံချစ်ကြည်ရေး ခိုင်မာတိုးတက်လျက်ရှိကြောင်း၊ လွန်ခဲ့သည့်နှစ်များအတွင်း နိုင်ငံတကာအခြေအနေများ ပြောင်းလဲမှုများရှိသော်လည်း တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ ဆက်ဆံရေးမှာတိုးတက်မြဲတိုးတက်လျက်ရှိကြောင်း တရုတ်ဝန်ကြီးချုပ်က ပြောကြားသည်။

တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အိမ်နီးချင်းကောင်း ဆက်ဆံရေး ထူထောင်ထားရှိပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခြေခံမူဖြင့် ဆက်ဆံရေးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားကြရကြောင်း၊ အပြန်အလှန် ဆက်ဆံရေး မြင့်မားတိုးတက်လာခြင်းဖြင့် နှစ်နိုင်ငံပြည်သူများ အကျိုးကျေးဇူးရရှိကြကြောင်း ဝမ်က ပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံနှင့် နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရန် လိုလားကြောင်း ဝမ်က အလေးအနက်ပြုပြောကြားသည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တို့၏ ဆက်ဆံရေးမှာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ အာဆီယံနှင့် ဆက်ဆံရေးမြင့်မားတိုးတက်နေမှုကို တရုတ်နိုင်ငံက အလေးထားကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံပြည်သူများ၏ တိုးတက်အောင်မြင်မှုများကို ကမ္ဘောဒီးယားပြည်သူများက အလေးအနက်ထားကြောင်း ကမ္ဘောဒီးယားဘုရင် သီဟာမိုနီက ပြောကြားသည်။

ကမ္ဘောဒီးယား ဘုရင့်မိသားစု၊ ပါလီမန်အစိုးရအဖွဲ့နှင့် ပြည်သူများက တရုတ်နိုင်ငံနှင့်တည်ရှိခဲ့သော ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ခိုင်မြဲလိုကြောင်း ကမ္ဘောဒီးယားဘုရင်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူတစ်ဦး ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေသည်ကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကာဇက်စတန်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားရောဂါဖြစ်ပွားရာဒေသကို အဆက်အသွယ်ဖြတ်ထားမည်

အယ်လ်မာအာတာ ဩဂုတ် ၁၃

ကာဇက်စတန်မြောက်ဘက်နယ်စပ် ရုရှားနိုင်ငံနှင့်ထိစပ်သော နေရာဒေသတွင် မကြာသေးမီကာလက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်းတွေ့ရှိခဲ့ရာ ထိုရောဂါကို ဖြစ်ပွားစေသော ရောဂါပိုးသည် လူကိုကူးစက်လျှင် သေစေနိုင်သော အိပ်ချ် ၅ အင် ၁ ပိုးဖြစ်ကြောင်း ကာဇက်စတန် စိုက်ပျိုးရေးဝန်ကြီးဌာနက ဩဂုတ် ၁၁ ရက်က ပြောကြားသည်။

ပါဗလိုဒါဒေသတွင် သေဆုံးရသော မွေးမြူရေးကြက်များနှင့် ငှက်ရိုင်းများမှ ရယူထားသည့် သွေးရည်ကြည်ကို ဓာတ်ခွဲကြည့်ရာ ထိုကြက်ငှက်များသည် အိတ်ချ် ၅ အင် ၁ တုပ်ကွေးရောဂါပိုးကြောင့် သေဆုံးရသည်ဆိုသော အချက်ကို ကောက်ချက်ဆွဲနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကြက်ငှက် တုပ်ကွေးရောဂါပိုး ကျရောက်ခဲ့သော ပါဗလိုဒါဒေသရှိ မွေးမြူရေးခြံများကို ၂၁ ရက်ကြာ အသွားအလာပိတ်ထားပြီး သီးသန့်ထားမည့်အပြင် ထိုဒေသကြီးတစ်ခုလုံးနှင့် အနီးအနားဝန်းကျင် ဒေသများသို့ အသွားအလာ အကူးအသန်းများကိုပါ သီတင်းသုံးပတ်ကြာ ပိတ်ထားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

အဆိုပါဒေသအတွင်းတွင် ရေကန်များ၊ ဆည်များ စသည်ဖြင့် အိုင်ကြီးပေါင်း ၆၅၀ ရှိသည်။ ယင်းဒေသအတွင်း လူတို့မသိဘဲ သေကျေနေသော ကျေးငှက်များ ကျန်ရှိနေသေးခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် အဖွဲ့ပေါင်း ၁၃ ဖွဲ့ ဖွဲ့စည်း၍ ကြက်ငှက်အသေများကို ရှာဖွေလျက်ရှိကြကြောင်း သိရသည်။

ဩဂုတ် ၁၀ ရက်နောက်ပိုင်းမှစ၍ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအသစ်များ ထပ်မံမတွေ့ရတော့သည့်အပြင် ဒေသတွင်းရှိ မွေးမြူရေးခြံများ၏ အခြေအနေမှာလည်း ကောင်းမွန်လျက်ရှိသည်ဟု အာဏာပိုင်များက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ခရီးသည်တင်လေယာဉ် အေသင်မြို့အနီး ပျက်ကျ

အေသင် ဩဂုတ် ၁၄

လူပေါင်း ၁၁၀ကို သယ်ဆောင်လာသော ဆိုက်ပရပ်လေကြောင်းဌာနမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဂရိနိုင်ငံ အေသင်မြို့မြောက်ဘက်တွင် တနင်္ဂနွေနေ့ကပျက်ကျမှုဖြစ်ပွားကြောင်း ဂရိ နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

ဟယ်လီယိုလေကြောင်းဌာနမှ ခရီးသည်တင်လေယာဉ်သည် အေသင်မြို့မြောက်ဘက် (၁၉)မိုင်အကွာရှိ ရှုလာနိုတောင်တန်းဒေသတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဂရိကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မွမ်ဘိုင်းရေကြီး၍ နောက်ဆက်တွဲရောဂါကြောင့် ၁၀၀ကျော်သေဆုံး

မွမ်ဘိုင်း ဩဂုတ် ၁၄

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် မကြာသေးမီက မိုးသဲကြီးမဲကြီး ရွာပြီး ရေကြီးရေလျှံသည့် အဖြစ်များနှင့် ကြုံရကာ ရေမသန့်ရှင်းသည့်အတွက် ဖြစ်ပေါ်လာရသော နောက်ဆက်တွဲ ရောဂါများ ဆက်လက်ကျရောက်ခဲ့သဖြင့် အနည်းဆုံး လူ ၁၂၅ဦး သေဆုံးခဲ့ရပြီးဖြစ်ကြောင်း သက်ဆိုင်ရာ အရာရှိများက ပြောကြားသည်။

အထက်ပါ အခြေအနေများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို မွမ်ဘိုင်း စည်ပင်သာယာမှ တာဝန်ရှိသူ မာနူးစရီဗာစ်တာဗ်က ပြုလုပ်ခဲ့သည်။ ဩဂုတ်လ တစ်ရက်တည်းမှာပင် လူပေါင်း ၁၀၀၀ကျော်ကို ဆေးရုံသို့တင်ခဲ့ရသည့်အတွက်ယခုအခါ မွမ်ဘိုင်းဆေးရုံပေါ်တွင်လူနာစုစုပေါင်း ၄၃၀၀ဦး ရှိနေပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရေကြီးစဉ် အချိန်က ရေထဲတွင် အသွားအလာ လုပ်ခဲ့ရသူများ မသန့်ရှင်းသော ရေများနှင့် ထိတွေ့ခဲ့ကြသည့်အတွက် လက်ပတိုစပီရိုစစ်ရောဂါ ရရှိခြင်းဖြစ်နိုင်ကြောင်း ဆရာဝန်များက ဆိုသည်။ ထိုရောဂါဖြစ်ပေါ်ရန် ရောဂါပျိုးရက်မှာ ၁၀ရက်မှ ၁၂ရက်အထိကြာတတ်ကြောင်းသိရသည်။ ယခုအခါ ရောဂါ ပျိုးရက်ကာလကျော်လွန်လာခဲ့ပြီးဖြစ်၍ ထိုရောဂါဖြင့် ဆေးရုံတက်ရသူဦးရေမှာ လည်း လာမည့်တစ်ရက်နှစ်ရက်အတွင်း ကျဆင်းလာစရာရှိသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ ရိုက်တာ***

တရုတ်နိုင်ငံတွင် ရေကြီး ခရီးသွား ၁၀၀၀၀ခန့် ပိတ်မိ

လီကျန်း၊ (ယူနန်) ဩဂုတ် ၁၄

တရုတ်ပြည် အနောက်တောင်ပိုင်း ရှုခင်းလှပရာဒေသများတွင် ဩဂုတ် ၁၁ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့်အသွားအလာအဆက်အသွယ်များ ပြတ်တောက်ကုန်သည့်အတွက် ပြည်တွင်းနှင့် ပြည်ပခရီးသွား ၁၀၀၀၀ခန့်တို့မှာ လမ်းခုလပ်တွင် ပိတ်မိနေကြကြောင်း သတင်းများကဖော်ပြသည်။

ယူနန်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့သည့်အတွက် ဂျင်ရှာမြစ်ရေလျှံပြီး အဓိကလမ်းမများကို ရေလွှမ်းသွားသည်။ ထို့အတွက်ကြောင့် အလွန်ရှု မျှော်ခင်းလှပသော ရှန်ဂရီလာဒေသနှင့် လီဂျန်မြို့တို့ လမ်းပန်းအဆက်အသွယ်များ ပြတ်တောက်သွားရခြင်းဖြစ်သည်။ ထိုဒေသသည် တရုတ်နိုင်ငံ၏ သဘာဝမြင်ကွင်းအလှအပနှင့် ယဉ်ကျေးမှုအမွေအနှစ်များအတွက် ကျော်ကြားသောဒေသဖြစ်သည်။

လမ်းမများပေါ်တွင် ရေများလွှမ်းလာသည့်အတွက် မော်တော်ယာဉ်ရာပေါင်းများစွာတို့မှာ ခရီးမဆက်နိုင်တော့ဘဲဖြစ်ခဲ့ရသည်။ ခရီးသွားများမှာလည်း မည်သို့မျှမတတ်နိုင်ကြသည့်အတွက် သောင်တင်နေကြရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျစ်ကားနှင့် လူစီးရထားတိုက်မှုတန်ဇန်းနီးယားတွင် ဖြစ်ပွား

ဒါရက်ဆလမ် ဩဂုတ် ၁၃

ဂျစ်မော်တော်ယာဉ်နှင့် လူစီးရထားတို့ တန်ဇန်းနီးယားနိုင်ငံမြောက်ပိုင်းတွင် အင်္ဂါနေ့က တိုက်မိကြရာ လူသုံးဦးသေဆုံးပြီး ၁၂ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ဒါရက်ဆလမ်မြို့မှလာသော သတင်းများအရ သိရသည်။

ယင်းဖြစ်ရပ်သည် ဝိတိုရိယ ရေကန်ကြီးအနီးရှိ မဝမ်ဇာမြို့ပြင်ဘက် ကီလိုမီတာ၄၀ခန့်အကွာ နေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရထားသည် ဒါရက်ဆလမ်မှ မဝမ်ဇာမြို့သို့ မောင်းနှင်နေသည့် ရထားဖြစ်သည်။

ဂျစ်မော်တော်ယာဉ်သည် ဆမ်ဗီမြို့သို့ သွားရာလမ်းတွင် ရထားလမ်းကို ဖြတ်ကူးနေခိုက် ရထားနှင့်တိုက်မိခဲ့ခြင်းဖြစ်သည်ဟု မဝမ်ဇာဒေသဆိုင်ရာ ရဲမှူးစတီဖင်က ပြောကြားသည်။

ဂျစ်မော်တော်ယာဉ်ပေါ်မှ ခရီးသည်အားလုံး သေဆုံးကြသည်။ ယင်းသို့ တိုက်ခိုက်မှုအပြီး ရထားစက်ခေါင်းတွဲနှင့် လူစီးတွဲတစ်တွဲတို့ လမ်းချော်ကျခဲ့သည်။ ရထားပေါ်မှ ခရီးသည်တစ်ဦး တစ်ယောက်မျှ ဒဏ်ရာရရှိကြောင်း မသိရဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်တွင် ကန်တပ်ဖွဲ့ ချုံခိုအတိုက်ခံရ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ကဘူး ဩဂုတ် ၁၃

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ခုခံဆန့်ကျင်သူ တိုက်ခိုက်ရေးသမားများက အမေရိကန်စစ်အင်ဂျင်နီယာတပ်ဖွဲ့ကို ဩဂုတ် ၁၁ ရက်က ချုံခိုတိုက်ခိုက်မှု တစ်ခုဖြစ်ပွားခဲ့ရာ ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်သတင်းများက ဆိုသည်။

ပတ်တီကာပြည်နယ် အော်ဂမ်းအီးနှင့် ရှရိနာအရပ်သို့ သွားသောလမ်းပေါ်တွင် ကန်စစ်ယာဉ်တန်းကို လက်နက်ငယ်များ၊ လောင်ချာများ အသုံးပြုကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုမှာ ကျွန်ုပ်တို့အတွက် ဝမ်းနည်းဖွယ်ရာအဖြစ်အပျက်တစ်ခုပင်ဖြစ်သည်ဟု အမေရိကန်အမှတ်(၇၆) ပူးပေါင်းတိုက်ခိုက်ရေးတပ်ဖွဲ့မှ ဒုတိယစစ်ဦးစီးမှူး ဗိုလ်မှူးချုပ် ဂျက်စတာလင်က ပြောကြားသည်။

ဒဏ်ရာရရှိသူ ကန်တပ်ဖွဲ့ဝင်ကို အခင်းဖြစ်ပွားရာနေရာအနီးရှိ အခြေစိုက်စစ်ဆေးရုံသို့ ဆေးဝါးကုသမှုပေးနိုင်ရန် သယ်ဆောင်သွားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်မြောက်ပိုင်းတွင် ကန်ရဟတ်ယာဉ်ပျက်ကျ ကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၁၃

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့အနီးတွင် အမေရိကန် ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာ ကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ကာတာနိုင်ငံအခြေစိုက် အယ်လ်ဂျာဇီယာရုပ်သံဌာနက ကြေညာသည်။

ဘဂ္ဂဒက်မြို့တော်၏မြောက်ဘက် ကီလိုမီတာ ၂၈၀ အကွာရှိ ကယ်ကွတ်မြို့အနီးတွင် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်က အပါချီ အမျိုးအစား ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ ထိုဖြစ်ရပ်ကြောင့် ကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း စစ်ဘက်ပြောရေး ဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

● **ကျောဖုံးမှ**

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းတိုက်ကြီးများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသည့်ဆွမ်းဆန်တော်၊ ဆီနှင့်ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်းနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီးနေဝင်းတို့က ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းပြီး သာသနာ

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရေးဝန်ကြီးဌာနက ဆွမ်းဆန်တော်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆွမ်းဆန်တော်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ဆွမ်းဆန်တော်များ၊ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်က ဆီနှင့်ဆပ်ပြာများ၊ ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များအသင်းက အိုင်အိုဒင်းဆား ၃၉၉ ပိဿာနှင့် သွားတိုက်ဆားဘူး ၈၀၊ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစုက တိုင်းရင်းဆေးမျိုး စုံဘူး ၁၀၀၊ အိုကေဆန်ရောင်းဝယ်ရေးမှ ဦးငြိမ်း–ဒေါ်အုံးကျင်မိသားစု၊ ဦးသိန်းမောင်–ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုနှင့် ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ဆွမ်းဆန်တော်၁၀အိတ်စီ၊ ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက်မှ ဦးမျိုးသန့် ရေခဲစက်မိသားစု၊ ဦးဝိစာရအိမ်ရာနေ ဦးညွှန့်လွင်–ဒေါ်ကြူကြူလွင်မိသားစုနှင့် ပြည်ထောင်စုရိပ်သာနေ ဦးသိန်းထွန်းမိသားစုတို့က ဆွမ်းဆန်တော်နှစ်အိတ်စီ၊ ဒဂုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ဆွမ်းဆန်တော်တစ်အိတ်၊ သိရိသုဓမ္မမဏိဇောတဓရသမားတော်ကြီး ဦးရွှေမြ–ဒေါ်ခင်ယုံမိသားစုက တိုင်းရင်းဆေးမျိုးစုံဘူး၂၈၀၀၊ ကေသီပန်ဆေးတိုက်မှ ဦးကြည်စိုးမိသားစုက ကေသီပန်ဆေးပရပ်ဆီဘူး ၆၀၀နှင့် မင်းသုခ ခေါင်းကြည်ဆေးဘူး၆၀၀၊ မှန်ချိုဆေးတိုက်မိသားစုက တိုင်းရင်းဆေးမျိုးစုံ၉၂၄ဘူး၊ ဦးဝေလွင်–ဒေါ်ခင်ဇာလီအောင် ပတ္တမြားဧ၄၀အဘယသုခဆေးတိုက်မိသားစုက တိုင်းရင်းဆေးမျိုးစုံဘူး၁၂၀၀၊ ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးမောင်မောင်နှင့်ညီများက တိုင်းရင်းဆေးမျိုးစုံဘူး၇၂၀၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်းက တိုင်းရင်းဆေးဘူး၅၄၀၊ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ မိသားစုက တိုင်းရင်းဆေးဘူး၂၄၀၊ နန်းဝင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက တိုင်းရင်းဆေး ၁၅၄ဘူး၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ကျိုက်ထီးရိုးစေတီပုံတော်၁၀၀၊ မြန်မာနိုင်ငံရေထွက် ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းက ငါးခြောက်ပိဿာ၅၀နှင့် အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်က ဒဂုံမြို့နယ်အတွင်းရှိ စာသင်တိုက်များသို့ လှူဒါန်းသည့်

ငါးခြောက်၁၉၉ပိဿာ အပါအဝင် ရန်ကုန်တိုင်းအတွင်းရှိ စာသင်တိုက်များမှ ဝါဆိုသံဃာအပါး၃၃၃၅၀အတွက် လှူဒါန်းသည့် ငါးခြောက်ပိဿာ၁၈၀၀၀တို့ကို ဆရာတော်များထံ အသီးသီးဆက်ကပ် လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ယင်းနောက် ဆွမ်းပဒေသာပင် အလှူငွေအဖြစ် အလှူရှင်များဖြစ်ကြသည့် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ၄၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်တစ်သိန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာမိုးတင်မိသားစုက ဒဂုံမြို့နယ် အိမ်တော်ရာတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၃ကျောင်းသို့ လှူဒါန်းငွေကျပ် ၂၂ သိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ်ဟိန္ဒူဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် အဖွဲ့က ငွေကျပ် ၅၁၃၀၀၀၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီမှ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း–သီရိသုဓမ္မသီဂီ ဒေါ်စန်းဝင်း မိသားစုနှင့် ဒေါ်မေသန်းနွယ် သီဂီရွှေရည်ဓာတ်ပုံတိုက်(ဒဂုံမြို့နယ်)တို့ကငွေကျပ်သုံးသိန်းစီ၊ စန္ဒီပရဆေး မိသားစုက ငွေကျပ် ၂၂၅၀၅၀၊ ဘီတီဘီကုမ္ပဏီမှ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့် မိသားစု၊ ဦးတင်အောင်–ဒေါ်လှလှနွယ် (ဝင်းရတနာ ခရီးသွားလုပ်ငန်း) မိသားစု၊ ငွေဆယ်

ကုမ္ပဏီနှင့် ဂရိတ်ဝေါတိုင်းရင်းဆေးထုတ်လုပ်ရေး မိသားစုတို့က ငွေကျပ် နှစ်သိန်းစီ၊ သမ္ဗုဒ္ဓသက်န်းတိုက် မိသားစု၊ ထွန်းရွှေဝါ ဆေးတိုက်မိသားစု၊ ထက်လင်းဆေးတိုက်မိသားစု၊ ဆန်းမြန်မာကုမ္ပဏီမိသားစု၊ ပုဂံဟိုတယ်မိသားစု၊ အိုလံပစ်ဟိုတယ်မိသားစု၊ ပြည့်ဝဆောက်လုပ်ရေး မိသားစု၊ တက်လမ်းဆောက်လုပ်ရေး မိသားစု၊ ဒဂုံမြို့နယ် ဦးဝိစာရ အိမ်ရာနေ ဗိုလ်မှူးဘထွေး (အငြိမ်းစား)–ဒေါ်အုန်းကြည် မိသားစုနှင့် ယောမင်းကြီးလမ်းနေ ဒေါ်ခင်မြမိသားစုတို့က ငွေကျပ် တစ်သိန်းစီ၊ မှန်ချိုဆေးတိုက်မှ သမားတော်ကြီး ဦးလှဌေး–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊စစ်ရေးချုပ်ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့်သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သိရိသုဓမ္မသီဂီ ဒေါ်တင်နွယ်ဦးမိသားစုက ငွေကျပ်၅၂၀၀၀၊ ကေသီပန်ဆေးတိုက်မိသားစု၊ စိန်ဂေဟာမိသားစု၊ ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မိုးသယ်ယူပို့ဆောင်ရေးမိသားစုတို့က ငွေကျပ် ၅၀၀၀၀စီ၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှကငွေကျပ် ၄၀၀၀၀၊ ဦးအောင်မြင့်–ဒေါ်ဖြူသီ လူပျံတော်ပတ္တမြားဆေးတိုက်မိသားစု၊ United Winner International Co.,Ltd. မိသားစု၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရေးမိသားစုနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၃၀၀၀၀ စီ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းတို့က ငွေကျပ်၂၀၀၀၀စီ အပါအဝင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်းနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြသည်။

ထို့နောက် စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီးနေဝင်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

အမျှပေးဝေ

ယင်းနောက် ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတထံမှ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများ ဝတ်အဖွဲ့က အရပ်၁၀မျက်နှာ မေတ္တာပို့သကြပြီး တက်ရောက်လာကြသူများက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုစုစုပေါင်းမှာ ဆွမ်းဆန်တော် ၈၇၅ အိတ်၊ ဆီပိဿာ ၄၀၊ ပဲ ၇၁ ပိဿာ၊ အိုင်အိုဒင်းဆား ၃၉၉ ပိဿာ၊ သွားတိုက်ဆားဘူး ၈၀၊ တိုင်းရင်းဆေးမျိုးစုံ ၇၈၇ ဘူး၊ ငါးခြောက် ၂၄၉ ပိဿာ၊ ဆပ်ပြာ ၇၉၈ တောင့်၊ ကျိုက်ထီးရိုးစေတီပုံတော် ၁၀၀နှင့်ဆွမ်းပဒေသာပင်အလှူငွေကျပ် ၆၁၅၇၀၅၀ ဖြစ်သည်။

ရန်ကင်းမြို့နယ်

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်ကိုးတိုက်နှင့် သီလရှင်စာသင်တိုက်တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မဟာဗောဓိပရိယတ္တိစာသင်တိုက်၌ကျင်းပရာ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ရန်ကင်းမြို့နယ် ဓမ္မိကာရာမကျိုက်ပိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနအရှင်သူမြတ်ထံမှ အတွင်းရေးမှူး (၁)နှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဂုဏောသနထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများနှင့်အလှူရှင်များက ဆရာတော်သံဃာတော်များထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ပဲများကို စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်းနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများက ရန်ကင်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ကိုးတိုက်နှင့်သီလရှင်စာသင်တိုက်တစ်တိုက်တို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို ဆက်ကပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုးနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(လေ)ဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော် သံဃာတော်နှင့်သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ➪



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊စစ်ရေးချုပ်ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပရိသတ်များက ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၄ မှ

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းများနှင့် အလှူရှင်များက ဆရာတော်သံဃာတော်များထံ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ ဆေး၊ပဲနှင့် ငါးခြောက်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် တစ်သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသောင်း၊အမှတ်(၁)စက်မှု ဝန်ကြီးဌာနကငွေကျပ် ၆၁၆၅၀၀၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ငွေကျပ်ငါးသိန်းနှင့် ရန်ကင်းမြို့နယ်အလှူရှင်များက ငွေကျပ် ၃၁၀၆၀၀၀တို့ကို အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်ကြီးအောင်ကြည်(ငြိမ်း)–ဒေါ်ခင်သန်း မိသားစုကငွေကျပ် ၁၀သိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဦးသန်းအောင်–ဒေါ်ခင်တင့်မိသားစု၊ ဦးစိုးမင်းလွင်–ဒေါ်ခင်ညို၊ သမီးနေခြည်မင်းလွင်မိသားစုနှင့် ဦးမြင့်ဖေ–ဒေါ်စန်းစန်းဇော်မိသားစုတို့က ငွေကျပ် ငါးသိန်းစီတို့ကို တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒေါက်တာမြကြည်သန်း၊ သမီး ခိုင်ကြည် ကြည်သန်း မိသားစုနှင့်ဦးဝင်းသိန်း(ဖွံ့ဖြိုးအောင် ဆောက်လုပ်ရေးကုမ္ပဏီ)မိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးဦးစော အောင်–ဒေါ်ရီရီဖြူ(ဒေါင်းမင်းကုမ္ပဏီ) မိသားစုကငွေကျပ် ၄၄၈၄၀၀၊ ဦးချစ်မွှေး–ဒေါ်မြင့်မြင့်ရီ မိသားစုက ငွေကျပ် လေးသိန်း၊ ဦးအိုက်လင်း(ဂရိတ်ဒိုင်း ဆောက်လုပ်ရေး)က ငွေကျပ်သုံးသိန်းနှင့် ဦးသိန်းမောင်–ဒေါ်ပါးပါး စန္ဒီပရဆေး မိသားစုက ငွေကျပ် ၂၂၅၀၅၀ တို့ကို ဝန်ကြီးဗိုလ်ချုပ် စိန်ထွားထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင် ဘီတီဘီကုမ္ပဏီဦးသိုင်းဝင်း–ဒေါ်ငွေးငွေးညွန့်မိသားစု၊ မြန်မာပြည်သားဟော့ KNကုမ္ပဏီ ဦးတင်ဝင်း – ဒေါ်စန်းဝင်းမိသားစု၊ ဝင်းရတနာခရီးသည် ပို့ဆောင်ရေးလုပ်ငန်း ဦးတင်အောင်–ဒေါ်လှလှနွယ် မိသားစုနှင့် ဂရိတ်ဝေါ်ဆေးတိုက်ဦးမောင်မောင်နှင့်ညီများ၊ သီဟာသုခမ္မသိင်္ဂီဒေါ်အေးမြင့်မိသားစု နှင့်ဒေါက်တာဝင်းဇော် မိသားစုတို့ကငွေကျပ်နှစ်သိန်းစီ၊ ဦးညွန့်လှိုင်–ဒေါ်နီနီဝင်း မိသားစု၊ဦးသိန်းမြင့်–ဒေါ်ပြုံး မိသားစု၊ ဦးလှဌေး–ဒေါ်သိင်္ဂီဝင်း မိသားစု၊ဦးချော–(ဒေါ်သန်းကြည်)မိသားစု၊ ဦးစန်းမြင့်–ဒေါ်မြင့်မြင့်အေးမိသားစု၊ ဦးအောင်သန်း–ဒေါ်သန်းအေး မိသားစု၊ ဦးမြင့်သိန်း–ဒေါ်စန်းကြည်မိသားစု၊ဦးကျော်မိုး–ဒေါ်ရင်ရင်မြင့်၊ သမီး မရီရီသင်းမိသားစုနှင့် ဦးစိုက်ဝှမ်း–ဒေါ်အေးကြင်မိသားစုတို့ကငွေကျပ် ၁၂၀၀၀၀စီ၊ ဦးသန်း မောင်–ဒေါ်ငွေကြည်(ချမ်းမြေ့စတိုး) မိသားစုက ငွေကျပ် ၁၀၈၀၀၀၊ သမ္မတသကၠန်းတိုက် ဦးသန်းနိုင်–ဒေါ်ကြည် ကြည်ဆွေ မိသားစု၊ မြင့်မြတ်စပါးစိုက်ပျိုးရေး လုပ်ငန်း ဦးအောင်မွန်–ဒေါ်လှလှမော် မိသားစု၊ ဆန်းမြန်မာကုမ္ပဏီ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်မိသားစု၊ ထွန်းရွှေဝါ ဆေးတိုက် ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ မိသားစု၊ ထက်လင်းဆေး တိုက်ဦးခင်မောင်ထွန်းမိသားစု၊ မြန်မာနိုင်ငံ ဆန်ကုန်သည် များအသင်း၊ သီရိသုခမ္မမဏိဇောတခရေ သီဟာသုခမ္မမဏိ ဇောတခရေ ဦးကျော်မင်း မိသားစု၊ ဒေါ်ခင်နန်းမွန် မိသားစု၊ ဦးသန်းထွန်း–ဒေါ်မြသွေး မိသားစု၊ ဦးအောင်ခင်–ဒေါ်စိန်စိန် မိသားစု၊ ဦးအောင်စန်း မိသားစု၊ ဦးအောင်သန်း– ဒေါ်စန်း စန်းရီမိသားစု၊ ဦးအောင်လွင်–ဒေါ်ခင်လေး ညီ၊ညီမ မိသားစု၊ ဒေါ်နုနုငယ် (နုငယ်ဆောက်လုပ်ရေး) မိသားစု၊ ဦးစိုးဟန် လင်း(ဗိုလ်တထောင်) မိသားစု၊ ဦးစံငြိမ်း(တောင်ဥက္ကလာ) မိသားစု၊ ဦးခင်ဇော်–ဒေါ်ခင်ဆွေဦး မိသားစုနှင့် သီရိသုခမ္မ သိင်္ဂီ ဒေါ်အေးမြနွယ်(ပုဂံဟိုတယ်) တို့က ငွေကျပ်တစ်သိန်းစီ၊ ရွှေမာလာဆောက်လုပ်ရေးက ငွေကျပ် ၇၀၀၀၀၊ မှန်ချိုဆေး တိုက် သမားတော်ကြီး ဦးလှဌေး–သီရိသုခမ္မသိင်္ဂီ ဒေါ်တင် နွယ်ဦးမိသားစုနှင့် လမ်းမတော်မြို့နယ်မှ ဒေါ်လှလှ မိသားစု တို့က ငွေကျပ် ၅၂၀၀၀ စီ၊ လူပျံတော် ပတ္တမြားဆေးတိုက်မှ ဦးဝေလွင်–ဒေါ်ခင်ဇာလီအောင် မိသားစု၊ ကေသီပန်တိုင်းရင်း ဆေးတိုက်မှ ဦးလှမြင့် မိသားစု၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ရွှေဝင်းကုမ္ပဏီဦးနိုင်ဝင်း–ဒေါ်ခင် မိုးဆွေ မိသားစု၊ ဦးပြေအောင်–ဒေါ်ယုယုလွင် မိသားစုနှင့် (Easy)စားသောက်ဆိုင်တို့က ငွေကျပ် ၅၀၀၀၀စီ၊ ဦးခင် ညိုထွန်း–ဒေါ်ခင်ဘုန်းမြင့်၊သမီး မေသူထွန်း၊သား မောင်ထက် ရှိန်ထွန်းမိသားစုက ငွေကျပ် ၃၆၀၀၀နှင့် ရန်ကင်း မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၂၀၀၀၀တို့ကို ပေးအပ် လှူဒါန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများက လက်ခံကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ပဲများကို စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုးနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီးနေဝင်းတို့က သီလရှင်ဆရာကြီးများအား ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှင်းလင်းလျှောက်ထား

ယင်းနောက် စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီး နေဝင်းက တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ရန်ကင်းမြို့နယ် မဟာဗောဓိပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အဖွဲ့ဝင်အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသက အနုမောဒနာတရားချီးမြှင့်တော် မူပြီး အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မေတ္တာပို့ဆုတောင်း

ထို့နောက် ရန်ကင်းမြို့နယ် ပညာရေးမိသားစု ဝတ်ရွတ် အဖွဲ့က အရပ်(၁၀)မျက်နှာ မေတ္တာပို့ ဆုတောင်းကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ကိုးတိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ ယနေ့ လှူဒါန်းမှုများမှာ ဆွမ်းဆန်တော် ၄၂၇အိတ်၊ ဆီ ၂၇၈ပိဿာ၊ အိုင်အိုဒင်းဆား ၁၄၆၂ပိဿာ၊ တိုင်းရင်းဆေး ၆၂၀၇ဘူး၊ ပဲ၂၆၃ပိဿာ၊ သွားတိုက်ဆားဘူး ၄၄၈ဘူး၊ တိုင်းရင်းဆေး ထုပ် ၄၉၂၀၊ ရွှေဝါဆပ်ပြာ ၁၄၆၂တောင့်၊ မွှေးဆပ်ပြာ ၁၄၆၂တုံး၊ ငါးခြောက် ၇၈၁ပိဿာနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၄၄၆၈၉၅၀ဖြစ်သည်။ (သတင်းစဉ်)

ပေးအပ်

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ မြေနီကုန်း၊ ကျောင်းလမ်းနေ ဒေါ်အုန်းကြည်၏ အသက်(၆၈)နှစ်ပြည့် မွေးနေ့အဖြစ် ငွေကျပ်သုံးသိန်းကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုနှင့် ဒေါ်သီတာဦးတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၄၁)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၄

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၁)၊ အမှတ်(၄၁)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အရှေ့အနောက်စီးပွားရေး စင်္ကြံလမ်းမကြီးတွင်ပါဝင်သည့် မြဝတီ၊ သဃ်န်းညီနောင်လမ်းပိုင်း အဆင့်မြင့်တိုးချဲ့ ဖောက်လုပ်ခြင်းများစတင်၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် အပျော်စီးသင်္ဘောသစ်တစ်စီး တိုးချဲ့ပြေးဆွဲမည်။ မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်ဆက်သွယ်မည့် တောင်ပြို–ယူခိယား လမ်းပိုင်း မကြာမီလပိုင်းအတွင်း အကောင်အထည်ဖော်မည်။ သိမ်ကြီးဈေး(အေ၊ဘီ)ရုံ နှစ်တစ်ရာပြည့်ပွဲတော် ဒီဇင်ဘာလတွင် ကျင်းပနိုင်ရန်စီစဉ်နေ၊ Readers' Debate ကဏ္ဍမှ ဂိမ်းကစားတာ ဉာဏ်ရည်တိုးတက်မှုရှိတယ်/မရှိဘူး၊ MRTV-4 မှ အပတ်စဉ်ထုတ်လွှင့်လျက်ရှိသော 5 Movies မှ နိုင်ငံခြားဇာတ်လမ်းတွဲ အစီအစဉ်များ စသဖြင့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိသည်။

လူသားကူးစက် ကြက်ငှက် တုပ်ကွေးကပ်ရောဂါကို ဟန့်တားနိုင်ဖွယ်ရှိ၊ အီရတ်၏ ရိက္ခာအတွက် ရေနံစီမံချက်အကြီးအကဲ နုတ်ထွက်စာတင်၊ ရှန်ဟိုင်းမြို့တော်တွင် လျှပ်စစ်ခိုးယူသုံးစွဲမှုများကို ရှာဖွေဖော်ထုတ်၊ ပါရှားမင်းသမီး မံမီရုပ်အလောင်းလား ထင်မှားခဲ့ကြ စသည့် နိုင်ငံတကာမျက်မှောက်သတင်းထူး သတင်းဦးများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာကို e-Empire Media House ဖုန်း–၅၄၈၈၈၁က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

လှူဒါန်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် ၆၅ (ဘီ/၆)နေ ဦးတင်မောင်ကြည်–ဒေါ်ခင်မာကြည်မိသားစုတို့က ဦးတင်မောင်ကြည်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)



အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဆင်းရွှေလီ အထူးအထွက်တိုးစပါး

အထက်မင်းလှညွန့်အောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုအခြေအနေနှင့်ကိုက်ညီသော စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

တစ်ဖက်ကလည်း တိုးတက်လာသည့် လူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ဧကတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ခြင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့် အသုံးပြုခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုခြင်းတို့ကို မဖြစ်မနေ လုပ်ကိုင်ကြရမည်ဖြစ်သည်။

နိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ကျေးလက်ပြည်သူများ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန်အတွက် စိုက်ပျိုးရေး အထောက်အကူပြုလုပ်ငန်းများကို နိုင်ငံတော်က ပံ့ပိုးကူညီပေးလျက်ရှိသည်။

နိုင်ငံတော်၏ ပင်မအခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံတော်တစ်ရပ်လုံး၏ စီးပွားရေးအင်အားကို တောင့်တင်းခိုင်မာစေမည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများ၊ ဒေသခံ တောင်သူလယ်သမားများ၏ သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာများ တိုးချဲ့သုံးစွဲနိုင်ရေးတို့ကို နိုင်ငံတော်က တစ်စိုက်မတ်မတ် အားပေးကူညီ ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

ယင်းကဲ့သို့ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်၏နယ်မြေအစိတ်အပိုင်းအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်သူများ၏ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်စေရန်အတွက်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်က ဒေသလိုအပ်ချက်နှင့်အညီ ဒေသဖွံ့ဖြိုးရေးအစီအမံများကို နိုင်ငံနှင့်အဝန်း ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိသည်။

ဖြန့်ကြက်စီမံ ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများထဲတွင် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စက်မှုနိုင်ငံအဖြစ် တစ်ဆင့်ပြီးတစ်ဆင့်တက်လှမ်းကြိုးပမ်းအကောင်အထည်ဖော်နေသည့် လုပ်ငန်းသည် နိုင်ငံတော်၏ အဓိကမဏ္ဍိုင်တစ်ရပ်အဖြစ် ပါဝင်လျက်ရှိသည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရောက်ရှိရန်အတွက် လယ်ယာကုန်ထုတ်လုပ်ငန်းတွင် စက်ပစ္စည်းများ တပ်ဆင်သုံးစွဲမှုကို အားပေးကူညီလျက်ရှိသည်။

ထို့အပြင် သီးနှံစိုက်ပျိုးမှု နည်းစနစ်များ၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံများ၊ သွင်းအားစုများတွင် အထိရောက်ဆုံး အသုံးချနိုင်သည့်နည်းလမ်းများ၊ ပိုးမွှားကာကွယ်နှိမ်နင်းရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရန် မျိုးရွေး၊ မျိုးစပ်၊ မျိုးဖော်ထုတ် သုတေသနလုပ်ငန်းများကို စိုက်ပျိုးထုတ်လုပ်ကြသည့် တိုင်းရင်းသားပြည်သူ တောင်သူလယ်သမားများ အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော်က စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

သို့မှသာ တစ်ဦးချင်းဝင်ငွေ တိုးတက်လာသကဲ့သို့ ဒေသ၏စီးပွားရေးလည်း တိုးတက် မြင့်မားလာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀ မျိုး၊ အမယ်သစ်(အမည်သစ်)သီးနှံသုံးမျိုး၊ နှစ်ရှည်ပင်သုံးမျိုးအနက် ဒေသနှင့် ကိုက်ညီသည့် သီးနှံပင်များကို စွမ်းအားရှိသမျှ တိုးတက်စိုက်ပျိုးကြရန် ဖြစ်ပေသည်။

ယခုအခါ လယ်ယာကဏ္ဍ၏ သီးနှံစိုက်ပျိုးမှုလုပ်ငန်းတွင် အခြေခံအဆောက်အအုံများကို တိုးမြှင့်ဖြည့်ဆည်းပေးပြီး သီးနှံအရည်အသွေးနှင့် အထွက်နှုန်း တိုးတက်စေရန် ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ ကြံသီးနှံများကို ပန်းတိုင်အထွက် နှုန်းများ ရရှိအောင် အကောင်အထည်ဖော်လျက်ရှိသည်။

လယ်ယာထွက်ကုန်များ၏ ပို့ကုန်အမယ်သစ် (အမည်သစ်) များ ဖြစ်ထွန်းလာစေရန်လည်း နိုင်ငံတော်ကကော်ဖီ၊ လက်ဖက်၊ ရော်ဘာအစရှိသည့် စိုက်ပျိုးပင်များကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး အတွက် စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိနေပေသည်။

အဓိကသီးနှံ ၁၀ မျိုးအနက် ဆန်စပါးသည် မြန်မာပြည်သူတို့၏ အဓိကစားသုံးသီးနှံ ဖြစ်သကဲ့သို့ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးသော သီးနှံလည်းဖြစ်သည်။ ထို့ကြောင့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးသည် အမျိုးသားရေး တာဝန်ဖြစ်သည်။

ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာတွင် ဒေသဝမ်းစာ ဖူလုံရေးမှသည် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး မျှော်မှန်းကြိုးပမ်းကြရမည်ဖြစ်သည်။

ယင်းမျှော်မှန်းချက်ကို အကောင်အထည်ဖော်သည့် အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိဒေသများတွင် တစ်ဧကတင်း ၂၀၀ ကျော်ထွက်ရှိသည့် ဆင်းရွှေလီ အထူးအထွက်တိုးစပါး စိုက်ပျိုးအောင်မြင်နေကြောင်း သတင်းများ ကြားသိနေရသည်မှာ သုံးနှစ်ခန့်ရှိပြီ ဖြစ်သည်။

သာမန်စပါးမျိုးများသည် တစ်ဧကတင်း၉၀/၁၀၀ သာထွက်ရှိသော်လည်းဆင်းရွှေလီစပါးကတင်း၂၀၀ကျော် ထွက်ရာ နှစ်ဆတိုးထွက်သဖြင့် စိုက်ပျိုးသူလယ်သမားတို့ အကျိုးများမည်မှာ သေချာသည်။

ဆင်းရွှေလီ အထူးအထွက်တိုးစပါးသည် တစ်ဧကတင်း ၂၀၀ ကျော်ထွက်ရှိသဖြင့် လယ်သမားတို့ အကျိုးကျေးဇူး ခံစားနေရကြောင်း အများပြည်သူတို့ သိရှိနိုင်စေရန် ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းမီဒီယာအဖွဲ့သည် ဇွန်လ ၁၂ ရက်နေ့တွင် လားရှိုးမြို့သို့ ထွက်ခွာခဲ့ကြသည်။

ညပိုင်းတွင် ကျွန်တော်တို့ သတင်းမီဒီယာအဖွဲ့သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်အား သွားရောက်တွေ့ဆုံဂါရဝပြုကြသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က **"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ၂၀၀၂ခုနှစ် ဧပြီလ ၁၄ ရက်မှ၁၆ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒေသဆန်ဖူလုံမှုရှိအောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ဒေသဆန် ဖူလုံပိုလျှံအောင် နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းနေပါတယ်။ ဆင်းရွှေလီ အထူးအထွက်တိုးစပါးမျိုးဟာ ဒေသနဲ့ ကိုက်ညီပြီး တစ်ဧကတင်း၂၀၀ ကျော်ထွက်တဲ့အတွက် ဒေသဝမ်းစာ ဖူလုံတဲ့အပြင် ပိုလျှံလာပြီဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းမီဒီယာအဖွဲ့အနေနဲ့ ဆင်းရွှေလီအထူးအထွက်တိုး နွေစပါးစံကွက်ရိတ်သိမ်းပွဲများကို သွားရောက်လေ့လာရေးသားတဲ့အခါ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဝန်ထမ်းတွေ၊မြေစာရင်းဦးစီးဌာနက ဝန်ထမ်းတွေ၊ တောင်သူလယ်သမားတွေနဲ့ တွေ့ဆုံပြီး အထွက်နှုန်းကို အမှန်အတိုင်း ပြည်သူသိရှိအောင် ရေးသားပေးကြပါ"**လို့ မှာကြားခဲ့ပါတယ်။

ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းမီဒီယာအဖွဲ့ရောက်ရှိပြီး မကြာမီမှာပင် မြဝတီရုပ်မြင်သံကြားသတင်းရိုက်ကူးရေးအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စိုက်ပျိုးရေးသုတေသန ပညာရှင်များအဖွဲ့တို့ လားရှိုးမြို့ကို ရောက်ရှိလာကြသည်။

ကျွန်တော်တို့ အဖွဲ့သုံးဖွဲ့သည် ဇွန် ၁၅ ရက်နှင့် ၁၆ ရက်နေ့များတွင် အထူးအထွက်တိုး တစ်ဧကတင်း ၂၅၀ ဆင်းရွှေလီနွေစပါး အဆင့်မြင့်စံပြကွက် ရိတ်သိမ်းပွဲများကို လေ့လာမှတ်တမ်းတင်ရန် မူဆယ်မြို့နှင့် နမ့်ခမ်းမြို့များသို့ အသီးသီး ထွက်ခွာခဲ့ကြပါသည်။

ကျွန်တော်တို့အဖွဲ့သည် ဇွန်လ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် မူဆယ်မြို့ ဖိုင်ကျောင်းကျေးရွာ ၂၀၀၅-၂၀၀၆ ခုနှစ် အထူးအထွက်တိုး ဆင်းရွှေလီ နွေစပါး တစ်ဧက တင်း ၂၅၀ စံပြစိုက်ကွင်း ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်လေ့လာခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးမြင့်အောင်က တစ်ဧကတင်း ၂၀၀ နွေစပါးစံပြကွက်များ ရိတ်သိမ်းပြီးစီးမှု၊ အောင်မြင်

| မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးတင်ယုက ဆင်းရွှေလီ အထူးအထွက်တိုးစပါး စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ များကို ရှင်းလင်းပြောကြားစဉ်။

ဓာတ်ပုံ-မောင်မောင်သန်း(ကော့မှူး)

ဖြစ်ထွန်းမှုနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါး စိုက်ပျိုးဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက စိုက်ပျိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ အမှာစကားပြောကြားပါသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာဦးစံညွန့်က စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါ်ခင်သန်းနွယ်နှင့် ဦးခင်စိုး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာ ဒေါက်တာထွန်းဝင်းတို့ပါဝင်တဲ့ ပညာရှင်အဖွဲ့ဟာ စံကွက်ငါးကွက်ကို ရိတ်သိမ်းပြီး သုတေသနပြု တွေ့ရှိချက်အရ ဆင်းရွှေလီ အထူးအထွက်တိုးစပါးဟာ တစ်ဧကကို အစို ၂၆၀ ဒသမ ၀၉ တင်းနဲ့ အခြောက် ၂၄၁ ဒသမ ၃၇ တင်း ထွက်ရှိကြောင်း ရှင်းလင်းတင်ပြပါသည်။

ယင်းနောက် မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာတို့က ၂၀၀၄-၂၀၀၅ ခုနှစ် နွေစပါးစိုက်ပျိုးရာသီ အထူးအထွက်တိုး ဆင်းရွှေလီ နွေစပါး တစ်ဧက တင်း ၂၅၀ စံပြစိုက်ကွင်းတာဝန်ခံ၊ မူဆယ်ခရိုင် ၂၀၀၄-၂၀၀၅ ခုနှစ် နွေစပါး စိုက်ပျိုးရာသီ အထွက်နှုန်းအကောင်းဆုံး စံပြလယ်သမားဆု၊ ဖိုင်ကျောင်းကျေးရွာ အထူးအထွက်တိုး ဆင်းရွှေလီ နွေစပါးတစ်ဧက တင်း ၂၀၀ စံပြ ၁၀ ဧက စိုက်ကွင်း စိုက်ပျိုးအောင်မြင်စေရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား ဂုဏ်ပြုဆု၊ ၂၀၀၄-၂၀၀၅ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် အထူးအထွက်တိုး ဆင်းရွှေလီ နွေစပါး တစ်ဧက တင်း၂၀၀ စံပြစိုက်ကွင်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ခဲ့သည့် စိုက်ပျိုးရေးဝန်ထမ်းများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

အခမ်းအနားအပြီးတွင် ကျွန်တော်တို့ သတင်းမီဒီယာအဖွဲ့သည် နွေစပါး ရိတ်သိမ်းမှုများကို ကြည့်ရှုလေ့လာရင်း တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ပထမဦးစွာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးတင်ယုက ရှင်းလင်းပြောကြားရာမှာ " ဆင်းရွှေလီအထွက်တိုးစပါးနဲ့ အခြားပြည်နယ်၊ တိုင်းတွေမှာစိုက်တဲ့ စပါးမျိုးတွေရဲ့ ကွာခြားချက်ကတော့ ဆင်းရွှေလီဟာ ပျိုးပင်ဘဝမှာပဲ ပင်ပွားငါးပင်မှ ကိုးပင်အထိ ထွက်ပါတယ်။ စိုက်ကွင်းမှာ ပင်ပွားအပင် ၂၀ ကျော် ရရှိပါတယ်။ အောင်နှံမှာ ပင်ပွားများလို့ အထွက်နှုန်း များများရရှိပါတယ်။ မျိုးဗီဇကောင်းလို့ တစ်ဧက တင်း ၁၆၀ မှ ၂၅၀ အထိ ရရှိပါတယ်။ ၂၀၀၃-၂၀၀၄ နွေစပါးရာသီ နမ့်ခမ်းမြို့နယ် ကောက်စိုက်ပွဲတော်မှာ တိုင်းမှူးရဲ့ မှာကြားချက်အရ မူဆယ်မှာ ၂၅ ဧက စမ်းသပ်စိုက်ပျိုးတဲ့အခါ ၂၅ ဧကစလုံး အောင်မြင်ပါတယ်။ အနည်းဆုံး တစ်ဧက ၂၀၃ တင်းမှ ၂၁၇ ဒသမ ၉၄ တင်း ထွက်ခဲ့ပါတယ်။ စပါးဈေးကွက်အနေနဲ့ တစ်တင်း ကျပ် ၃၀၀၀ ပေါက်ဈေးရှိပါတယ်။ ဝယ်လိုအား ကောင်းနေပါတယ်။ တောင်သူတွေဟာ ဒေသမျိုးမစိုက်တော့ဘဲ ဆင်းရွှေလီကို ၈၀ ရာခိုင်နှုန်းကျော် စီးပွားဖြစ်စိုက်ပျိုးနေကြပြီဖြစ်ပါတယ်။ ဆင်းရွှေလီဟာ လက်ရွေးစင် ဆန်အုပ်စုနဲ့ညီမျှပြီး မြီးတုံးအဆင့်ရှိပါတယ်"ဟူ၍ ပြောပြပါသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာက မူဆယ်မြို့နယ်ရဲ့ တင်း ၂၅၀

| မူဆယ်မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းမြင့်က ဆင်းရွှေလီ အထူးအထွက်တိုးစပါး စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားစဉ်။

ဓာတ်ပုံ-မောင်မောင်သန်း(ကော့မှူး)

စံပြစိုက်ကွင်း၁၀ ဧကမှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အနေနဲ့ အဓိကနည်းပညာပိုင်းကို တောင်သူများ နားလည်ပြီး လိုက်နာဆောင်ရွက်ရန် တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ယခုလို တစ်ဧကတင်း ၂၅၀ ထွက်ရှိရေး စံပြကွက်များ ဆောင်ရွက်တဲ့အခါမှာ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေးအတွက် သန်မာတဲ့ ပျိုးပင်များရရှိအောင် နှစ်လက်မ သံဆန်ခါကွက်နဲ့ ပေါင်စနစ်ဖြင့် ပျိုးထောင်ခဲ့ပါတယ်။ ပျိုးပင်ပြောင်းရွှေ့စိုက်ရာမှာ ပျိုးသက် ၃၀-၃၅ရက်သား နှင့် ပျိုးသက်ငယ်ရရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ ကောက်စိုက်ရာမှာ ကောက်ပင်အတိမ်အနက်ဟာ အလွန်အရေးကြီးပါတယ်။ ကောက်ပင်အခြေမှာ၊ အပင်ရင်းမှာ လေရှူပေါက်သဖွယ်ရှိပါတယ်။ နက်နက်စိုက်ရင် ကောက်ပင်လေရရှိမှုနည်းပြီး အပင်လှန်ချိန်နှောက်ကျလို့ အပင်ပွားနည်းတတ်ပါတယ်။ ဒါကြောင့်မို့ ပျိုးပင်ကို ကောက်စိုက်ရာမှာ ၁ လက်မခွဲ ၂ လက်မထက် မနက်အောင် စိုက်ပျိုးခဲ့ပါတယ်။ အဓိကအချက်ဖြစ်တဲ့ ကောက်ကွတ် ၁၆၀၀၀၀ ဝင်ဆံ့အောင် ၆ လက်မ X ၆ လက်မ ပင်ကြား တန်းကြားစနစ် ရှစ်တန်းတစ်တန်းလှပ်ဖြင့် စိုက်ပျိုးခဲ့ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ရွှေနှင်းဆီရပ်ကွက် ဘိုခြံလမ်းရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)နှင့် ဆက်နွှယ်သည့် လုပ်ငန်းဖြစ်သော ဂျိုးဖြူပိုက်လိုင်းသို့ တစ်နေ့လျှင် ရေဂါလန် ၁၂ သန်း ထပ်မံ ရေအားဖြည့်ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းသို့ ရောက်ရှိရာ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး၊ ကော်မတီဝင် ဗိုလ်မှူးကြီးကျော်စိုး၊ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဦးသောင်းရင်၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးလှထွန်းနှင့် တာဝန်ရှိသူများက အမှတ် (၃) လမ်းမကြီး ပတ္တမြားမြို့သစ်အနီးမှ စတင်ကာ အထယုစခန်းက ပို့လွှတ်မည့် အချင်း ၅၆လက်မရှိ ရေပိုက်မကြီးမှ အချင်း ၂၄ လက်မရှိ သံမဏိရေပိုက် အရှည် ပေ ၈၀၀၀ဖြင့် မင်္ဂလာဒုံမြို့နယ် ဘိုခြံရှိ ဂျိုးဖြူပိုက်လိုင်းသို့ ဆက်သွယ်ပြီး ရန်ကုန်မြို့တော်သို့ တစ်နေ့လျှင် ရေဂါလန် ၁၂သန်း ထပ်မံဖြည့်ဆည်းပေးနိုင်ရန် ရေပိုက်လိုင်းများ ဆက်သွယ်နေမှု အခြေအနေကို လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်သည် ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) အထယုစခန်းဓာတ်အားခွဲရုံသို့လျှော်ကား ဓာတ်အားခွဲရုံမှ ဆက်သွယ်ရယူမည့် ကေဗွီ ၃၃၀ ကောင်းကင် ဓာတ်အားလိုင်း ဆက်သွယ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

၂၀၀၅ခုနှစ်အတွင်း ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)ပထမအဆင့်ပြီးစီးပါက အင်းစိန်၊ လှိုင်၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ အလုံ၊ စမ်းချောင်း၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ သဃ်န်းကျွန်း၊ သုဝဏ္ဏ၊ သာကေတ၊ ဒေါပုံ၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေမြို့နယ်များသို့ ရေအားပိုမိုဖြည့်တင်းရောက်ရှိလာမည် ဖြစ်သည်။ (၁၉)

မေတ္တာဝါဒီ ဆရာတော် တရားပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆)ရပ်ကွက် (၁၀)လမ်းထိပ်ရှိ မေတ္တာဝါဒီ ဟာသ်ာတ ပရဟိတကျောင်းတိုက်ကြီး၏ ဦးစီးနာယက ရန်ကုန်တိုင်း သံဃနာယက ဥက္ကဋ္ဌ (မဟာဒွါရ)၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ပြည်တွင်း၊ ပြည်ပ သာသနာပြုအကျော် ဘဒ္ဒန္တ စန္ဒောဘာသ (မေတ္တာဝါဒီ ဆရာတော်ကြီး) က ဩဂုတ် ၁၉ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် မေတ္တာဝါဒီ ဟာသ်ာတ ပရဟိတကျောင်းတိုက်၏ (၅)ထပ် ဓမ္မဗိမာန်တော်ကြီး၌ တရားဟောကြားတော်မူမည်ဖြစ်ရာ ဓမ္မမိတ်ဆွေများ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

❑ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာသုံးစွဲရေးအတွက် စိုက်ခင်းတစ်ဧကမှာပုလဲလေးအိတ်၊ တီစူပါတစ်အိတ်၊ ပိုတက်တစ်အိတ်၊ သုံးမျိုးစပ်နှစ်အိတ်၊ ထုံးငါးအိတ်၊ နွားချေးငါးစီးနှုန်း သုံးစွဲခဲ့ပါတယ်။ သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာကို ထည့်သွင်းရမယ့်အချိန်တွေမှာ အထိရောက်ဆုံးဖြစ်အောင် ခွဲဝေသုံးစွဲခဲ့ပါတယ်။

သီးနှံပိုးမွှားရောဂါ ကာကွယ်ရေးအတွက် ပျိုးခင်းအဆင့်တွင် ပိုးမွှားရောဂါကာကွယ်ရေးကို ကြိုတင်ဆောင်ရွက်ခဲ့ပါတယ်။ စိုက်ခင်းမှာ မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ပိုးမွှားရောဂါ ကျရောက်မှ မဟုတ်ဘဲ ကြိုတင်ကာကွယ်ရေးစနစ်ဖြင့် ပက်ဖျန်းကာကွယ်ခဲ့ပါတယ်။ ဒါကြောင့်မို့ ပိုးမွှားဖျက်ဆီးမှုကြောင့် ထိခိုက်မှုနည်းပါးခဲ့ပါတယ်။

ရေသွင်းရေထုတ် မှန်ကန်ရေးအတွက် စပါးပင်သက်တမ်းအလိုက် ရေလိုအပ်မှုကို အနည်းအများချိန်ဆပြီး အကွက်ထဲမှာ သွင်းစေခဲ့ပါတယ်။ အဓိကအားဖြင့် အပင်ပွားချိန်မှာ ရေသွင်း၊ ရေခန်း စနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ပျိုးပင်သုံးပင်ခန့် ပင်ပွားရှိကောက်ချက်ဟာ စိုက်ခင်းမှ ရေသွင်း၊ ရေထုတ် တစ်ကြိမ်လုပ်ရင် ပင်ပွားသုံးပင် ထပ်တိုးပွားပါတယ်။ သက်တမ်းရက် ၉၀ အတွင်းမှာ လေးကြိမ်လုပ်နိုင်ရင် စပါး ၁၅ ပင်ပွားရမှာဖြစ်ပါတယ်။ အပင်ပွားအများဆုံး ရရှိပြီးသန္ဓေကပ်ချိန်မှာ ရေသုံးလက်မ၊ လေးလက်မ ထည့်ပေးထားရင် နောက်ကျတဲ့အနှံ မထွက်နိုင်တဲ့ ပင်ပွားကို သတ်ပြီး အောင်တဲ့အခြားအနှံသန္ဓေကို ကြီးထွားစေပါတယ်။ ရိတ်သိမ်းခါနီးစပါးနှံများ ၈၀ရာခိုင်နှုန်း ငိုက်ပြီး အဝါရောင်သမ်းလာမှ အောင်ရေထုတ်ရပါတယ်။ ရိတ်သိမ်းချိန်မှာ အလေအလွင့် အနည်းဆုံးဖြစ်ရန် မောင်းညိုချိန် ရိတ်သိမ်းနိုင်ရေးနှင့် တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းနိုင်ရေးကို ဆောင်ရွက်ထားပါတယ်။

ယခုလို နည်းစနစ်များနှင့် ကိုက်ညီအောင် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့်အတွက် ယခုတွေ့မြင်ရတဲ့ တင်း ၂၅၀ စံပြကွက်မှာ ကောက်ကွက်ဝင်ဆံ့မှုအကွက် ၁၆၀၀၀၀ ၊ အနှံပင်ပွား ၉-၁၀ ပင်၊ အနှံအောင်စေ့ ၁၃၅ စေ့ဖြစ်တဲ့အတွက် တစ်ဧကလျှင် ၂၆၇ တင်း ထွက်ရှိနိုင်မယ့်စိုက်ကွင်းကို တွေ့မြင်ရခြင်းဖြစ်ပါတယ်ဟူ၍ ရှင်းပြပါသည်။

ထို့နောက် မြို့နယ်မြေစာရင်း ဦးစီးအရာရှိ ဦးသန်းမြင့်က ရှင်းလင်းပြောကြားရာတွင် မှူဆယ်မြို့နယ်၌ ၂၀၀၄-၂၀၀၅ ခုနှစ်မှာ မိုးစပါး ၂၃၃၁၉ ဧကနှင့် နွေစပါး ၂၆၀၄ ဧကစိုက်ပျိုးခဲ့ပါတယ်။ ယခု မှူဆယ်မြို့နယ်၌ နွေစပါးရာသီမှာ တင်း၂၅၀ ထွက်ရှိတဲ့ စံပြကွက် ၁၀ဧကနဲ့ တင်း၂၀၀ ထွက်ရှိတဲ့ စံပြကွက်ဧက ၃၀၀ စိုက်ပျိုးဆောင်ရွက်ထားပါတယ်။ တင်း ၂၀၀ စံပြကွက်များမှာ အစောဆုံးရိတ်သိမ်းနိုင်တဲ့ နောင်ဆိုင်ကျေးရွာအုပ်စုရဲ့ တင်း ၂၀၀ ထွက်တဲ့ စံပြကွက် ၁၀ ဧကကို စတင်ရိတ်သိမ်းခဲ့ပါတယ်။ နောင်ဆိုင်ကျေးရွာအုပ်စုထဲမှာ စံကွက်အရွယ်အစားတစ်ဧကရှိ အကွက်များကို တောင်သူသုံးဦး စိုက်ကွက်မှာ သုံးကွက်သတ်မှတ်တိုင်းတာခဲ့ပါတယ်။

ဒီသုံးကွက်ထဲက ရိတ်ချင်တဲ့အကွက် ရွေးချယ်စေပြီး ဖိတ်ကြားထားသော တောင်သူများအားလုံးနှင့် ဧည့်ပရိသတ်များရှေ့မှောက်တွင် ရိတ်သိမ်းစက်ကြီးများဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုရိတ်သိမ်းခြင်း ဆောင်ရွက်ရာမှာ ၉-၆-၂၀၀၅ ရက်မှာ တောင်သူ ဦးစိုင်းခမ်းဆွဲ့ရဲ့ တစ်ဧက စံကွက်မှာ ဆောင်ရွက်ခဲ့ပါတယ်။ ဦးစိုင်းခမ်းဆွဲ့ အကွက်ရဲ့အထွက်မှာ ၂၁၈ဒသမ ၈၅ တင်းထွက်ရှိခဲ့ပါတယ်။ ယခုရောက်ရှိနေတဲ့နေရာကတော့ ဖိုင်ကျောင်းကျေးရွာအုပ်စု တင်း ၂၅၀ ထွက်ရှိအောင် ဆောင်ရွက်ထားတဲ့ စံပြ ၁၀ ဧက ကွင်းဖြစ်ပါတယ်။ မြေစာရင်းဦးစီးဌာနအနေဖြင့် တင်း ၂၅၀စံပြကွင်းမှာ တစ်ဧကရဲ့ ၁၀၀၀ ပုံစံဖြစ်တဲ့ ၆ X ၆ ပေပတ်လည် စံကွက်သုံးကွက်ဖြင့် ချိန်ထိုးပြီး စံကွက်ရိတ်သိမ်းကြည့်ရာမှာ ၆ X ၆ ပေ ပတ်လည်မှ နို့ဆီဘူး ၃၅ ဒသမ ၁ ဘူးထွက်ရှိလို့ ၂၆၇ ဒသမ ၂၀ တင်းထွက်ရှိကြောင်း ကြိုတင်ခန့်မှန်းထားပါတယ်ဟူ၍ ပြောပြပါသည်။

ထို့အပြင် ဖိုင်ကျောင်းကျေးရွာအုပ်စု ကောင်းလာရွာ တောင်သူဦးစိုင်းအိုက်အား တွေ့ဆုံ မေးမြန်းရာတွင် "ယခုနှစ် နွေစပါးရာသီမှာ ဆင်းရွှေလီ နွေစပါးလေးဧက စိုက်ပျိုးထားရှိပါတယ်။ ဒီနှစ်မှာ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်တွေရဲ့ အကူအညီကိုရယူပြီး တစ်ဧကကို တင်း၂၀၀ အထက်ထွက်ရှိအောင်နည်းစနစ်ကို သတ်မှတ်ထားသည့်အတိုင်း ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မနှစ်ကတော့ မျိုးစေ့ထုတ်လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ တစ်ဧကလျှင် မျိုးစေ့တင်း ၄၀ ခန့် ရရှိခဲ့ပြီး အကျိုးအမြတ်ရှိတဲ့အတွက် ရှစ်သိန်းတန် လက်တွန်းထွန်စက်တစ်စီး ဝယ်ယူနိုင်ခဲ့ပါတယ်။ ဒေသစပါးစိုက်တာ တစ်ဧက တင်း ၄၀ သာ ထွက်ပါတယ်။ ဆင်းရွှေလီစိုက်တာ တစ်ဧက တင်း ၂၀၀ ထွက်ပါတယ်။ တစ်ဧကအတွက် အရင်းအနှီး ကျပ်နှစ်သိန်းကုန်ကျပါတယ်။ တစ်ဧက တင်း ၂၀၀ ထွက်တဲ့အတွက် တစ်တင်းကျပ် ၃၀၀၀ဈေးရလို့ တင်း ၂၀၀ ရောင်းရငွေ ခြောက်သိန်းရပါတယ်။ အရင်း နှစ်သိန်းနုတ်ရင် တစ်ဧက လေးသိန်းမြတ်ပါတယ်။ လေးဧကစိုက်တဲ့အတွက် ၁၆ သိန်း မြတ်ပါတယ်။ မိုးရော၊ နွေရော ဆင်းရွှေလီစိုက်လို့ လယ်သမားတွေရဲ့ လူနေမှုဘဝတိုးတက်နေကြပါပြီ" ဟူ၍ ရှင်းပြပါသည်။

သူတို့၏ဆောင်ပုဒ်က "ဒို့လယ်သမားဘဝ နှစ်ဆတိုးဖို့ ဆင်းရွှေလီ အထူးအထွက်တိုးစပါး ပြည်နယ်လုံးကျွတ်စိုက်ကြစို့" ဟူ၍ ဖြစ်သည်။ ဆင်းရွှေလီသည် အမှန်တကယ်ပင် လက်တွေ့စိုက်ပျိုးသူ တောင်သူ လယ်သမားများ၏ ဘဝကို ဖွံ့ဖြိုးတိုးတက်စေလျက်ရှိကြောင်း လေ့လာရေးသား တင်ပြလိုက်ရပါသည်။ ။

ဩဂုတ်၁၃ ရက်က တာမွေမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အုန်းတောခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဆုရ မဖြူဖြူသန့်အား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။(က-ပ)

မြန်မာဇာတ်ကားသစ်များ ရုံမဝင်ပြသဆဲဇာတ်ကားများသာ ဆက်လက်ပြသ

ရုပ်ရှင်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာဇာတ်ကားသစ်များ ရုံမဝင်ဘဲ ပြသဆဲ မြန်မာဇာတ်ကားများဖြစ်သည့် **ဘီလူး** ဇာတ်ကားနှင့် **အပြင်းစားရိုက်ချက်** ဇာတ်ကားများ ဆက်လက်ပြသနေသည်။

ဘီလူး

အောင်ကျော်ဇော ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် **"ဘီလူး"** ဇာတ်ကားမှာ ဟာသသရုပ်ဆောင်များ၏ ပီပြင်သော သရုပ်ဆောင်ချက်များကြောင့် မြို့လယ်ရုံသုံးရုံတွင် တစ်ပြိုင်နက်ပြသနေသော်လည်း ရုံတိုင်း၊ ပွဲတိုင်းတွင် ပရိသတ် များပြားနေဆဲဖြစ်သည်။ အထူးသဖြင့် ဟာသ သရုပ်ဆောင် ဗေလုဝ၏ သရုပ်ဆောင်မှုနှင့်အတူ ဇာဂနာ၊ သျှားညို၊ ဥက္ကာမင်းမောင်၊ အောင်လွင်၊ ကင်းကောင်၊ ရော၊ ဆိုနီ၊ မိုးကျော်တို့ကပါ အားဖြည့်ပါဝင်ပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက် အောင်ပွဲခံဆဲဖြစ်သည်။

အပြင်းစားရိုက်ချက်

ရုံတင်ရက် ကြာပြီဖြစ်သော်လည်း **"အပြင်းစားရိုက်ချက်"** ဇာတ်ကားမှာ ပရိသတ် အားပေးမှုခံယူဆဲဖြစ်သည်။ ဟာသ သရုပ်ဆောင်များနှင့်သာ အဓိက ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။ လွင်မိုး၊ ထွန်းထွန်းနိုင်၊ တင့်တင့်ထွန်း၊ မိုးဒီ၊ ခင်လှိုင်၊ ကင်းကောင်၊ ဖိုးဖြူ၊ ရောတို့နှင့်အတူ ဟာသ သရုပ်ဆောင်များစွာ ပါဝင် အားဖြည့်ထားပြီး ရှေ့ဆောင်ရုံတွင် ဆက်လက်ပြသဆဲဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ပြသဆဲ နိုင်ငံခြားဇာတ်ကားဖြစ်သည့် Unleashed ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ဆက်လက်ပြသနေသည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ Louis Leterrier က ရိုက်ကူးပြီး နာမည်ကြီး အက်ရှင်သရုပ်ဆောင် ဂျက်လီ ခေါင်းဆောင် ပါဝင်ထားသည်။ (ကြေးမုံ)

"ဘီလူး" ဇာတ်ကားမှ ဇာဂနာနှင့် သန်းသန်းစိုး။

"အပြင်းစားရိုက်ချက်" ဇာတ်ကားမှ ကင်းကောင်။

ပခုက္ကူစက်မှုဇုန်အနေဖြင့် ထုတ်လုပ်နိုင်အားရှိသော ဂျစ်ကားနှင့် ကုန်တင်ယာဉ်ကြီးများကို စုစည်း ထု
နိုင်ငံတော်အပေါ် တစ်ဖက်သတ် မှီခိုအားထားနေ၍မဖြစ်ဘဲ မိမိတို့ကိုယ်တိုင် တီထွင်ကြံဆလု

✧ ရှေ့ဖုံးမှ

ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ကြီးရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပင်မမြောင်းဖောက်လုပ်ခြင်းလုပ်ငန်း ၄၀ရာခိုင်နှုန်းပြီးစီးနေမှု၊ ၂၀၀၆–၂၀၀၇ တွင် စီမံကိန်းပြီးစီးအောင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ပခုက္ကူခရိုင်၏ ဆန်စပါးစိုက်ပျိုးနိုင်မှု၊ခရိုင်အတွင်း မင်းရွာ၊ ချစ်သူ၊ရွှေတန့်တစ်၊ ကုက္ကိုလှ စသည့် မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက အဆင့်(၉)ဆင့်ရှိသည့် ကြီးရွာလျှပ်စစ် မြစ်ရေတင်စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ပခုက္ကူဒေသ၌ ဒေသဆန်ဖူလုံရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးတို့အတွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပခုက္ကူမြို့ ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်၌ ပခုက္ကူခရိုင်အတွင်းရှိ ကြီးရွာလျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပခုက္ကူမြို့ ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းရှင်းလင်းဆောင်အနီး၌ စုစည်းပြသထားသည့် ပခုက္ကူစက်မှုဇုန်ထုတ် ပခုက္ကူဂျစ်များနှင့် ၁၀ဘီးကုန်တင်ယာဉ်ကြီးများကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

ရင်းနှီးတည်ဆောက်ထားသည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများသည် ဒေသခံတောင်သူလယ်သမားများအတွက် အဓိကအရေးပါသော စီမံကိန်း၊လူနေမှုဘဝတိုးတက်မြင့်မားရေးစီမံကိန်းဖြစ်၍ လုပ်ငန်းများကို စေတနာထားလုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားပြီး ပခုက္ကူခရိုင်အတွင်းရှိ လျှပ်စစ် မြစ်ရေတင်စီမံကိန်းဆိုင်ရာ မြေပုံနှင့်ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးရေရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ်၌ ရွှေတန့်တစ်နှင့် ကုက္ကိုလှမြစ်ရေတင်စီမံကိန်း၊ ရေစကြိုမြို့နယ်၌ ချစ်သူ၊ သင့်သည်၊သမန္တပို့၊မအူအောက်ဆိပ်နှင့် မင်းရွာ မြစ်ရေတင်စီမံကိန်း၊ ပေါက်မြို့နယ်၌ ရေပြာမြစ်ရေတင်စီမံကိန်းတို့မှာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့်စီမံကိန်းများ ဖြစ်သည်။

ဆောက်ရွက်ဆဲ

ဆောင်ရွက်ဆဲမြစ်ရေတင်စီမံကိန်းများမှာ ပခုက္ကူမြို့နယ်၌ ကြီးရွာနှင့် နန်းပို့မြစ်ရေတင် စီမံကိန်း၊ရေစကြိုမြို့နယ်၌ ရွှေချောင်းနှင့် ဝါယာသာစည် မြစ်ရေတင်စီမံကိန်းတို့ဖြစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများမှာ ပေါက်မြို့နယ်၌ စံဖဲ၊ ဆိပ်ဖြူမြို့နယ်၌ အောက်ဆိပ်နှင့်ယောဝ မြစ်ရေတင် စီမံကိန်းတို့ဖြစ်သည်။

ဆောင်ရွက်ပြီး မြစ်ရေတင်စီမံကိန်းများမှ ဧကန
ရေ ပေးဝေသွားနိုင်မည်ဖြစ်သည်။

ပခုက္ကူမြို့နယ် ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံ
စိုက်ပျိုးရေ ပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။

ချည်မျှင်နှင့်အထည် စက်ရုံ(ပခု

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကြ
စီမံကိန်းမှ ချည်မျှင်နှင့်အထည်စက်ရုံ (ပခုက္ကူ)စီမံ
ချည်မျှင်ဌာနရှိစက်များ၊ ဝါဖန်ဝါလိပ်စက်များ၊ ဗိုင်းတေ
စက်များ၊ တည်င်းလုံးစက်များ၊ ချည်ငင်စက်များ၊ရေ
စမ်းသပ်လည်ပတ်နေမှုများကိုလည်းကောင်း၊ စမ်း
ပေါ်ပလင်ပိတ်ညိုနှင့် ပိတ်ဖြူ၊ တက်ထရွန်ပိတ်ညိုန
လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်

ထို့နောက် ရှင်းလင်းဆောင်၌ အမှတ်(၁)စက်မှုဝ
ဗိုလ်မှူးချုပ်သိန်းထွန်းက ချည်မျှင်နှင့်အထည်စက်ရုံ(ပခု
ပြီးစီးမှုများ၊ စက်စမ်းသပ်လည်ပတ်မှုများ၊ကုန်ကြမ်းဝါ
ထားမှုများ၊ စက်ရုံက ထုတ်လုပ်သွားနိုင်မည့် ချည်နှ
ရှင်းလင်းတင်ပြသည်။

သစ်သီးခြင်းလက်ဆောင်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံနှင့်
များကို မေးမြန်းမှာကြားပြီး စက်ရုံအတွက် စက်ပ

ချ
အ
(

နိုင်ငံတေ
ကြီးစိုးဝင်း
စက်ရုံ (
စစ်ဆေးစဉ်

ချ
မ

ဒေသခံတောင်သူလယ်သမားများအတွက် အဓိကအရေးပါ

ပခုက္ကူဒေသ၌ ဒေသဆန်ဖူလုံရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးတို့အတွက် ရင်းနှီးတည်ဆောက်ထားသည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများသည် ဒေသခံတောင်သူလယ်သမားများအတွက် အဓိကအရေးပါသော စီမံကိန်း၊ လူနေမှုဘဝ တိုးတက်မြင့်မားရေးစီမံကိန်းဖြစ်၍ လုပ်ငန်းများကို စေတနာထားလုပ်ကိုင်။

...ယာဉ်ကြီးများကို စုစည်း ထုတ်လုပ်
...ိုယ်တိုင် တီထွင်ကြံဆလုပ်ကိုင်

ချည်မျှင်နှင့်
အထည်စက်ရုံ
(ပခုက္ကူ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ချည်မျှင်နှင့် အထည်စက်ရုံ (ပခုက္ကူ)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ချည်မျှင်နှင့် အထည်စက်ရုံ(ပခုက္ကူ) စက်များ စမ်းသပ်လည်ပတ် မကြာမီကာလ၌ စက်ရုံဖွင့်လှစ်၍ စီးပွားဖြစ် ထုတ်လုပ်သွားမည်

...က္ကူမြို့ ကြီးရွာ
...ိုးပြသထားသည့်
...ယာဉ်ကြီးများကို
(သတင်းစဉ်)

...းများသည် ဒေသခံ
...မံကိန်း၊လူနေမှုဘဝ
...ာနာထားလုပ်ကိုင်
...ျပ်စစ် မြစ်ရေတင်
...၏ ဆောင်ရွက်ပြီးစီး

...စိုပြည်ရေးအတွက်
...များကို ဆောင်ရွက်
...စီမံကိန်း၊ ရေစကြို
...ေင်းရွာ မြစ်ရေတင်
... အကောင်အထည်

...နယ်၌ ကြီးရွာနှင့်
...င့် ဝါယာသာစည်
...မည့် စီမံကိန်းများ
...ယာဝ မြစ်ရေတင်

ဆောင်ရွက်ပြီး မြစ်ရေတင်စီမံကိန်းများမှ ဧကနှစ်သောင်းခန့်ကို စိုက်ပျိုးရေ ပေးဝေသွားနိုင်မည်ဖြစ်သည်။

ပခုက္ကူမြို့နယ် ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ ဧက ၅၀၀၀ကို စိုက်ပျိုးရေ ပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။

ချည်မျှင်နှင့်အထည် စက်ရုံ(ပခုက္ကူ)

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ချည်မျှင်နှင့်အထည်စက်ရုံ (ပခုက္ကူ)စီမံကိန်းသို့ ရောက်ရှိကြပြီး ချည်မျှင်ဌာနရှိစက်များ၊ ဝါဖန်ဝါလိပ်စက်များ၊ ဗိုင်းတောင့်စက်များ၊ အပင်ပေါင်းစက်များ၊ တည်င်းလုံးစက်များ၊ ချည်ငင်စက်များ၊ရက်ကန်းဌာနရှိ စက်များ စမ်းသပ်လည်ပတ်နေမှုများကိုလည်းကောင်း၊ စမ်းသပ်ထုတ်လုပ်ထားသည့် ပေါ်ပလင်ပိတ်ညိုနှင့် ပိတ်ဖြူ၊ တက်ထရွန်ပိတ်ညိုနှင့် ပိတ်ဖြူနမူနာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းက ချည်မျှင်နှင့်အထည်စက်ရုံ(ပခုက္ကူ)တည်ဆောက်ခဲ့မှုနှင့် ပြီးစီးမှုများ၊ စက်စမ်းသပ်လည်ပတ်မှုများ၊ကုန်ကြမ်းဝါ ရရှိရေးစီစဉ်ဆောင်ရွက်ထားမှုများ၊ စက်ရုံက ထုတ်လုပ်သွားနိုင်မည့် ချည်နှင့်ပိတ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

သစ်သီးခြင်းလက်ဆောင်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းမှာကြားပြီး စက်ရုံအတွက် စက်ပစ္စည်းများပေးသွင်းသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin Machinery Import & Export Corporation မှ Site Manager, Mr.Zhou နှင့်တာဝန်ရှိသူများအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ချည်မျှင်နှင့်အထည်စက်ရုံ(ပခုက္ကူ)ကို ပခုက္ကူမြို့မှ သုံးမိုင်ခန့်အကွာ ရွှေတန့်တစ်ဆိပ်ကမ်းသို့ သွားသည့် ကားလမ်းဘေးဧက ၆၆ဝ ကျော် ကျယ်ဝန်းသည့်နေရာ၌ တည်ဆောက်ထားခြင်းဖြစ်သည်။

ယခုအခါ စက်ရုံ၏ စက်များကို စမ်းသပ်လည်ပတ်လျက်ရှိပြီး မကြာမီကာလ၌ စက်ရုံဖွင့်လှစ်၍ စီးပွားဖြစ်ထုတ်လုပ်လည်ပတ်သွားမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ပခုက္ကူစက်မှုဇုန် ရှင်းလင်းဆောင်၌ ပခုက္ကူစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ပခုက္ကူ စက်မှုဇုန်တည်နေရာ၊ မြေကွက်ပေါင်း ၇၁၄ကွက်၌ လုပ်ငန်းရှင်များအား နေရာချထားပေးမှု၊ စက်မှုဇုန် အတွင်း လမ်းဖောက်လုပ်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားနှင့်ရေသုံးစွဲမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းသစ်ဖော် ထုတ်နိုင်ခဲ့မှုများ၊ ဆီကြိတ်လုပ်ငန်း၊ရက်ကန်းလုပ်ငန်း၊ ချည်ထည်လုပ်ငန်း၊ သစ်အခြေခံလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းတို့၏ လုပ်ငန်း ဆောင်ရွက်နိုင်မှုများ၊ ပခုက္ကူဂျစ်၊ ယာဉ်ငယ်အမျိုးမျိုးနှင့် ၁၀ဘီး ကုန်တင်ယာဉ်ထုတ်လုပ်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက ပခုက္ကူစက်မှုဇုန်၏ မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများနှင့်ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြပြီး ပခုက္ကူစက်မှုဇုန်တာဝန်ခံ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ဖြည့်စွက်တင်ပြသည်။

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပခုက္ကူစက်မှုဇုန် ဖွံ့ဖြိုးရေး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် မိမိတို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

စက်မှုအခြေခံရှိသည့် ဒေသများ၌ ပုဂ္ဂလိက စက်မှုဇုန်များ ထူထောင်အားပေးလျက်ရှိသည်မှာ ဒေသအလိုက်ပုဂ္ဂလိကစက်မှုဇုန်လုပ်ငန်းများ အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာစေချင်၍ဖြစ်ကြောင်း။

ပခုက္ကူစက်မှုဇုန်အနေဖြင့် မိမိ၏နည်းပညာနှင့် အတွေ့အကြုံများအရ တီထွင်ထုတ်လုပ်နိုင်အားရှိသော ဂျစ်ကားနှင့် ကုန်တင်ယာဉ်ကြီးများကိုသာ စုစည်းထုတ်လုပ်သွားသင့်ကြောင်း၊ ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ရာ၌ နိုင်ငံတော်အပေါ် တစ်ဖက်သတ်မှီခိုအားထားနေ၍မဖြစ်ဘဲ မိမိတို့ကိုယ်တိုင် တီထွင်ကြံဆ လုပ်ကိုင်ကြရန်အရေးကြီးကြောင်းဖြင့် အားပေးစကား ပြောကြားပြီး စက်မှုလက်မှုလုပ်ငန်းရှင်များ၏ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ချက်များ၊ ပံ့ပိုးပေးရမည်များကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ရှင်းလင်းဆောင်အနီး၌ စုစည်းပြသထားသည့် ပခုက္ကူစက်မှုဇုန်ထုတ် လက်တွန်းထွန်စက်များ၊ ပခုက္ကူဂျစ်နှင့်မော်တော်ယာဉ်ငယ်အမျိုးမျိုး၊ မြန်မာ့တိုင်းရင်းဆေးများ၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍



မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅–၈–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၀	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	ဒေသဖွံ့ဖြိုးတိုးတက်စေမည့် ဒုဋ္ဌဝတီ
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Grammar Made Easy.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	Practice in Reading.
၄း၄၅	၄။	တေးဂီတအစီအစဉ်
၅း၀၀	၅။	**အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)**
၅း၁၅	၆။	အကပဒေသာ
၅း၃၀	၇။	**၂၀၀၅ခုနှစ် တေရသမ အကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(ဓမ္မပူဇာတေး) (ပညာရှင်အဆင့်)(အမျိုးသမီး)**
၅း၄၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅း၅၀	၉။	မြန်မာစာ၊ မြန်မာစကား
၆း၀၀	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆း၁၀	၁၁။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း–၁၃)**
၆း၃၀	၁၂။	ညနေခင်းသတင်း
၇း၀၀	၁၃။	မိုးလေဝသအခြေအနေ
၇း၀၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေးနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း–၁၃)**
၇း၃၅	၁၅။	ထာဝစဉ်နုလှမြန်မာ့ဂီတ (အဆိုပညာဘာသာရပ်ဆွေးနွေးခန်း)
၇း၄၅	၁၆။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်"(အပိုင်း–၃)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ရှင်းလင်း
တင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ပခုက္ကူမြို့ ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စီမံကိန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပခုက္ကူမြို့ ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာအုပ်စု မြေခဲတောင် အသေးစားရေလှောင်တမံစီမံကိန်း၏ ပင်မတမံမြေဖို့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေအရင်းအမြစ်များကို ဖြစ်နိုင်သမျှရှာဖွေဖော်ထုတ် ဒေသအကျိုး၊ ပြည်သူ့အကျိုးကို လက်တွေ့ကျကျဖော်ဆောင်

❍ စာမျက်နှာ ၉ မှ

ချည်ထည်ပစ္စည်းများ၊ မော်တော်ယာဉ်သုံးနှင့် လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ၊ ၁၀ဘီး ကုန်တင်ယာဉ်ကြီးများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့မှ ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာအုပ်စု မြေခဲတောင်ကျေးရွာအနီး၌ မကွေးတိုင်းဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် မြေခဲတောင် အသေးစားရေလှောင်တမံစီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက မြေခဲတောင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးတိုင်းဆည်မြောင်းဦးစီးဌာနမှူး ဦးတင်ဝင်းက အသေးစားရေလှောင်တမံငယ် စီမံကိန်းများတွင် အသုံးပြုလျက်ရှိသည့် စက်ယန္တရားများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးရေရရှိရေးနှင့်စိမ်းလန်းစိုပြည်ရေးအတွက် ဆည်ငယ်၊ ကန်ငယ် စုစုပေါင်း ၇၁ခု တည်ဆောက်လျက်ရှိသည့်အနက် ဆည်မြောင်းဦးစီးဌာနက ၄၇ခုနှင့် ဒေသက ၂၄ခုတို့ကို တာဝန်ခွဲဝေ တည်ဆောက်လျက်ရှိကြောင်း၊ ဒေသက တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်း ၂၄ခုပြီးစီးပြီး ဆည်မြောင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများအနက် လုပ်ငန်း ၁၈ခု ပြီးစီးပြီ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဌာနနှင့်ဒေသတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကို မြန်မြန်ဆန်ဆန်ပြီးစီးအောင် တွန်းတွန်းတိုက်တိုက် ဆောင်ရွက်ရန် မှာကြားသည်။

ရေရရှိရေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မကွေးတိုင်းအတွင်း ဆောင်ရွက်နိုင်သည့် ရေလှောင်တမံစီမံကိန်းအကြီးစားများကို နိုင်ငံတော်အစိုးရက ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ ပူပြင်းခြောက်သွေ့၍ ရေရှားပါးသည့် ပခုက္ကူခရိုင်အတွင်း၌လည်း တည်ဆောက်သင့်သည့် ရေရရှိရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှ တည်ဆောက်ပေးလျက်ရှိကြောင်း။

ယခုအခါ ပခုက္ကူဒေသ၊ ပခုက္ကူလွင်ပြင် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး စိုက်ပျိုးရေတိုးချဲ့ရရှိရေး၊ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် ရှားပါးလှသော ရေအရင်းအမြစ်များကို ဖြစ်နိုင်သမျှ ရှာဖွေဖော်ထုတ်၍ မြေခဲတောင် ရေလှောင်တမံစီမံကိန်းကဲ့သို့ အသေးစားစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ဆောင်ရွက်နေရသော ရေရရှိရေး စီမံကိန်းများမှာ အရွယ်အစားအားဖြင့် သေးငယ်သော်လည်း ဒေသအတွင်း ရနိုင်သမျှ ရေအရင်းအမြစ်ကို စုစည်းအသုံးချနိုင်အောင် ကြိုးစားခြင်းဖြင့် ဒေသဖွံ့ဖြိုးလာအောင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ရာ ရည်ရွယ်ချက်အားဖြင့် မွန်မြတ်ကြီးမားပါကြောင်း၊ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို လက်တွေ့ကျကျ ဖော်ဆောင်နေခြင်းဖြစ်ကြောင်း။

ဤသဘောထား၊ ဤအမြင်များအပေါ် ဝန်ထမ်းများအနေဖြင့် နားလည်သဘောပေါက်ပြီး စေတနာကောင်းကောင်းဖြင့် ရေရရှိရေးစီမံကိန်းလုပ်ငန်းပေါင်း ၇၁ခုအနက် ဆောင်ရွက်ရန်ကျန်ရှိသည့် စီမံကိန်းလုပ်ငန်းများကို ပြီးနိုင်သမျှ မြန်မြန်ပြီးအောင် လုပ်ကိုင်ရန်နှင့် လုပ်ငန်း၏ အလေအလွင့် အပြုန်းအတီး မဖြစ်ပေါ်စေရေးအတွက် ဖိဖိစီးစီး ကြပ်မတ်လုပ်ကိုင်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြေခဲတောင် ရေလှောင် တမံစီမံကိန်း၏ ပင်မတမံမြေဖို့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။ မြေခဲတောင်ရေလှောင်တမံစီမံကိန်းမှာ ဧက ၅၀၀ကို စိုက်ပျိုးရေးပေးဝေနိုင်မည့်စီမံကိန်းဖြစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေစကြိုမြို့နယ်ရှိ မင်းရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက စီမံကိန်းနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ရေတင်အဆင့်အလိုက် စိုက်ပျိုးရေ ပေးဝေနိုင်မှုများကိုလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာချုပ်ဦးတင်အောင်က စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားရရှိရေးစီစဉ်ဆောင်ရွက်ပေးထားမှုများကိုလည်းကောင်း၊ ဒေသမှတာဝန်ရှိ သူများက လျှပ်စစ်ဓာတ်အားရရှိမှု၊ စိုက်ပျိုးရေ ပေးဝေနိုင်မှုနှင့် မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး၊ အဆင့်အလိုက်စိုက်ပျိုးရေ ပေးဝေနိုင်ရေး၊ ရေတင်စက်များ ပျက်စီးမှုမရှိအောင် စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

မင်းရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း

ရေစကြိုမြို့နယ် မင်းရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ရေရရှိရေး စီမံကိန်းများမှာ အရွယ်အစား အားဖြင့် သေးငယ်သော်လည်းဒေသအတွင်းရနိုင်သမျှရေအရင်း အမြစ်ကို စုစည်းအသုံးချနိုင်အောင်ကြိုးစားခြင်းဖြင့် ဒေသ ဖွံ့ဖြိုးလာအောင် လုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်ရာ ရည်ရွယ်ချက်အား ဖြင့် မွန်မြတ်ကြီးမား။

စိတ်ရှည်လက်ရှည် အပင်ပန်းခံ၍ ဒေသအကျိုး၊ ဌာနအကျိုး သယ်ပိုးသွားကြရန် လိုအပ် မိမိတို့၏ ဆောင်ရွက်ချက်များကြောင့် ပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်ရေး သတိပြု

အခြေအနေများကိုလည်းကောင်း၊ ပုသိမ်-မုံရွာကားလမ်း၏(ကန်ဇွန်းမ-မြိုင်-လင်းကတော-ဆားလင်းကြီး-မုံရွာ)လမ်းပိုင်း အခြေအနေများကိုလည်းကောင်း မြေပုံများဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ပုသိမ်-ပဒါန်း ကားလမ်းမှာ ရာသီမရွေး ဆက်သွယ်သွားလာနိုင်သည့် လမ်းဖြစ်သည်။ ပဒါန်း-ကန်ဇွန်းမကားလမ်းမှာ ၈၂ မိုင် ငါးဖာလုံရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကန်ဇွန်းမ-မုံရွာ လမ်းအပိုင်းမှာ ၁၀၂ မိုင် ငါးဖာလုံရှည်ပြီး တစ်ဆက်တစ်စပ်တည်း လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် မင်းရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်၌ ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ စိုက်ပျိုးရေရရှိရေးနှင့် ဒေသစိမ်းလန်းစိုပြည်သာယာစေရေး၊ ဒေသခံပြည်သူများ ဝင်ငွေတိုးပွားပြီး လူနေမှုအဆင့်အတန်း မြင့်မားလာရေးတို့အတွက် ဤဒေသတွင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ရာဖွေစုဆောင်းလုပ်ကိုင်ရာ၌ ပြည်သူအများ ပူးပေါင်းပါဝင်ရန်၊ သစ်တော သစ်ပင်များထိန်းသိမ်း ကာကွယ်ကြရန် နှုတ်ဆက် မှာကြားသည်။

မင်းရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ ဧက ၃၀၀၀ ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်ရန် ချင်းတွင်းမြစ်မှ ရေတင်သည့် စီမံကိန်းဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် မြိုင်မြို့သို့ ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က မြိုင်မြို့ရေပေးရေးစီမံချက် အကောင်အထည်ဖော်နေမှု၊ ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးကိစ္စများကိုမြို့နယ်မှ ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး မေးမြန်းဖြည့်ဆည်းပေးပြီး မှာကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ပြည့်စုံမြင့်မားရေး အတွက် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ကွာဟချက်များ ကျဉ်းကျုတ်၍ အကြားအလပ် မကျန် မျှမျှတတ ဖွံ့ဖြိုးလာစေရန်အတွက် မူဝါဒများချမှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုများကြောင့် မြိုင်မြို့နယ်သည် ယခင်အခြေအနေများနှင့် မတူတော့ဘဲ၊ တင့်တောင့်တင့်တယ် ရပ်တည်ဖွံ့ဖြိုး တိုးတက်လာလျက် ရှိနေပြီဖြစ်ကြောင်း။

ဤဒေသ၌ အရေးအကြီးဆုံး လိုအပ်ချက်မှာ ရေပင်ဖြစ်ကြောင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ရှားပါးသည့် ဤဒေသ၌ တည်ရှိနေသော ရေအရင်းအမြစ်များကို ဖော်ထုတ် စုစည်း သိုလှောင် အသုံးချနိုင်ရေးအတွက် မိမိအနေဖြင့် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရေလုံလောက်စွာရရှိရေး

မြိုင်မြို့ မြို့ရေပေးရေး၊ ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိရေးတို့အတွက်လည်း နိုင်ငံတော်အစိုးရနှင့် ဒေသခံများ

တွေ့ဆုံ အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း မြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

ထိန်းသိမ်းရေး၊ စပါးစိုက်ခင်းများ တိုးချဲ့ဖြစ်ထွန်းရေး၊ တောင်သူများ ဝင်ငွေ တိုးတက်ရေးတို့ကို လက်တွေ့ကျကျ ဦးတည်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က ရေစကြိုမြို့နယ် ဆက်စပ်မြို့နယ်ဖြစ်သည့် မြိုင်မြို့နယ်၏ လက်ရှိလမ်းပန်းဆက်သွယ်မှု အခြေအနေများ၊ မြိုင်-လင်းကတော လက်ရှိ ကားလမ်းအခြေအနေ၊ ထိုမှတစ်ဆင့် မင်းရွာသို့ ဆက်စပ်သွားနိုင်သည့်

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသန်းက မြို့နယ်နှင့်စပ်လျဉ်းသည့် စီးပွားရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများ၊ မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၃၃၁ ရွာအနက် ၂၈၃ ရွာ သန့်ရှင်းသော သောက်သုံးရေ ရရှိပြီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ပခုက္ကူခရိုင်အတွင်း မြို့နယ်ငါးမြို့နယ်ရှိ ကျေးရွာများ၌ နိုင်ငံတော်အကြီးအကဲ

ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက စေတနာထား အကောင်အထည်ဖော် ပေးမှုများနှင့် လိုက်လျောညီစွာ အဆင့်ဆင့်သော တာဝန်ခံများ၊ ဝန်ထမ်းများ၊ ရပ်ကွက်၊ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များသည် မိမိတို့၏ လုပ်ငန်းများကို အဆင့်အတန်းရှိရှိ၊ ဂုဏ်သိက္ခာရှိရှိ ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ဝန်ထုပ်ဝန်ပိုးမဖြစ်ရေး

လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ စိတ်ရှည်လက်ရှည် အပင်ပန်းခံ၍ ဒေသအကျိုး၊ ဌာနအကျိုး သယ်ပိုးသွားကြရန် လိုအပ်သကဲ့သို့ မိမိတို့၏ ဆောင်ရွက်ချက်များကြောင့် ပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်ရေး သတိပြုသွားကြရန်ဖြစ်ကြောင်း။

နောင်တစ်ချိန် ဖြစ်ပေါ်လာမည့် ဒီမိုကရေစီ လူနေမှုစနစ်နှင့် လိုက်လျောညီထွေမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အခြေခံကောင်းများကို ခိုင်ခိုင်မာမာ တည်ဆောက်ထူထောင်ရန်၊ တစ်ဖက်တစ်လမ်းမှလည်း မိမိနိုင်ငံ၏အခြေအနေနှင့် ဆီလျော်ကိုက်ညီသော ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို တိတိကျကျ ချမှတ်၍ ညင်ညင်သာသာ မှန်မှန်ကန်ကန် အကောင်အထည်ဖော်နေရပါကြောင်း။

ဤအခြေအနေကို မှန်မှန်ကန်ကန်နားလည်သဘောပေါက်ပြီး ပြည်သူနှင့် တစ်သားတည်း ဆက်ဆံနေထိုင်ပြုမူကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လိုက်လံရှင်းလင်းပြသ

အခမ်းအနားအပြီးတွင် မြိုင်မြို့နယ် ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာမိုးဇော်နှင့် တာဝန်ရှိသူများက မျက်စိကုဌာန၊ ခွဲစိတ်ခန်း၊ ကာကွယ်ဆေးထိုးခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ *

ပြည်သူနှင့်တစ်သားတည်း ဆက်ဆံနေထိုင်ပြုမူ

နောင်တစ်ချိန် ဖြစ်ပေါ်လာမည့် ဒီမိုကရေစီ လူနေမှုစနစ်နှင့် လိုက်လျောညီထွေမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အခြေခံကောင်းများကို ခိုင်ခိုင်မာမာ တည်ဆောက်ထူထောင်ရန်၊ တစ်ဖက်တစ်လမ်းမှလည်း မိမိနိုင်ငံ၏အခြေအနေနှင့် ဆီလျော်ကိုက်ညီသော ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို တိတိကျကျ ချမှတ်၍ ညင်ညင်သာသာ မှန်မှန်ကန်ကန် အကောင်အထည်ဖော်နေ၊

ဤအခြေအနေကို မှန်မှန်ကန်ကန်နားလည်သဘောပေါက်ပြီး ပြည်သူနှင့် တစ်သားတည်း ဆက်ဆံနေထိုင်ပြုမူ။

✻ စာမျက်နှာ ၁၁ မှ

ထိုမှတစ်ဆင့် မြိုင်မြို့ ရပ်ကွက်(၂) ငှက်ပျောတွင်းရပ်၌ စည်ပင်သာယာရေးဦးစီးဌာနက သန့်ရှင်းသော သောက်သုံးရေရရှိရေး တူးဖော်သည့်လုပ်ငန်းသို့ သွားရောက်ကြပြီး ရေးဦးစွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် တွင်းတူးစက်ကြီးဖြင့် ခြောက်လက်မ စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် မြိုင်မြို့ပေါ်ရှိ ရပ်ကွက်ပေါင်းသုံးရပ်ကွက်မှ လူဦးရေ တစ်သောင်းကျော်တို့အား သန့်ရှင်းသော သောက်သုံးရေ နေ့စဉ် ဂါလန် ၂၀၀၀၀၀ ကျော် ဖြန့်ဖြူးနိုင်ရေးအတွက် စီမံချက် စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ် ငါးမြို့နယ်ရှိ ရေခက်ခဲသည့် ကျေးရွာပေါင်း ၈၇၄ ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်လျက်ရှိရာ မကြာမီ ခရိုင်လုံးကျွတ်ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေ ၅နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် မြိုင်မြို့မှ ပခုက္ကူမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ငွေးဦးသည် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးစိုးသာ၊ ဗိုလ်မှူးချုပ်သိန်းအောင် နှင့်ဗိုလ်မှူးကြီးဇော်မင်းတို့နှင့်အတူ ပခုက္ကူမြို့ရှိ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပခုက္ကူခရိုင် နှင့်မြို့နယ်ငါးမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပခုက္ကူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသော်ဇင်ဦးက ခရိုင်နှင့် မြို့နယ်အသင်းများ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ငွေးဦးက အသင်းများ၏ စည်းရုံးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် မှာကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်ကြပ်မတ်

ရန်ကုန် ဩဂုတ် ၁၄

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်များ ဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ကော်မတီဝင်များဖြစ်ကြသည့် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်း လိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)တို့ပါရှိခြင်း ရှိ၊ မရှိနှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို စစ်ဆေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ငွေးဦးနှင့် ဗဟိုအလုပ်အမှုဆောင်များ ပခုက္ကူမြို့ရှိ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပခုက္ကူခရိုင်နှင့် မြို့နယ်ငါးမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဗိုလ်တထောင်အထက(၅) ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

ဗိုလ်တထောင်မြို့နယ် အထက(၅)၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၊ အလှူငွေပေးအပ်ပွဲနှင့် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသူ ၁၅၉ဦးတို့အား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျောင်းခန်းမ၌ကျင်းပမည်ဖြစ်သည်။(က-ပ)

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပဋ္ဌမအကြိမ်မြောက် ခြင်းလုံးခတ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၁၄

၂၀၀၅ခုနှစ် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပဋ္ဌမအကြိမ်မြောက် ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ သီဟဒီပအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ သန်လျင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်နှင့် အမှုဆောင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရေးဦးစွာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် (၄)ရပ်ကို ရွတ်ဆိုကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်းခြောက်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဩဂုတ် ၁၆ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ စတင်၍ သီဟဒီပအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုအားပေးနိုင်သည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၅၁၅၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၆။ မျိုးချစ်တပ်မတော်
၄း၄၅	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -- Methods of Studying Law. **(ပထမနှစ်-ဥပဒေပညာ)**
၅း၄၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။ နိုင်ငံတကာသတင်း
၆း၂၀	၁၂။ မိုးလေဝသသတင်း
၆း၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့အမျိုးမျိုး ဖွင့်ကြပါလိမ့်မယ်"(အပိုင်း-၈)**
၈း၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ မေးမြန်းစုံစမ်း
	၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၁၈)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဩဂုတ် ၁၄

လွန်ခဲ့သော (၂၄)နာရီအတွင်းက ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ အမ်းမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ ကလေးဝမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၀၇ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၀၆ လက်မ၊ မုံရွာမြို့တွင် ၂ ဒသမ ၄၄ လက်မနှင့် မန္တလေးမြို့တွင် ၂ ဒသမ ၂၀ လက်မတို့ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အောင်တွင် မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ် ၁၅ရက်နေ့ ညနေထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း(အောက်ပိုင်း)၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခေတ္တခဏမျှ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တ ဒေါက်တာသီလာနန္ဒာဘိဝံသ မဟာထေရ် ဘဝနတ်ထံ ပျံလွန်တော်မူ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏ်ထူးဆောင်စာပေပါရဂူ(D.Litt.)ဘဒ္ဒန္တ ဒေါက်တာသီလာနန္ဒာဘိဝံသ မဟာထေရ် ဆရာတော်ကြီး သက်တော်(၇၈)နှစ် ဝါတော်(၅၈)ဝါသည် ၁၃၆၇ ခုနှစ် ဝါခေါင်လဆန်း (၉)ရက် (၂၀၀၅ -ခုနှစ် ဩဂုတ်လ ၁၃ ရက်) စနေနေ့ နံနက် ၉နာရီခွဲအချိန်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် Red Wood City မြို့ရှိ Kaiser Hospital ၌ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ဝက်စ်ဟမ်းက ဘလက်ခ်ဘန်းကိုအနိုင်ရ

လန်ဒန် ဩဂုတ် ၁၄

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်တစ်ရပ်အဖြစ် ဝက်စ်ဟမ်းယူနိုက်တက်အသင်းနှင့် ဘလက်ခ်ဘန်းရိုဗာအသင်းတို့ စနေနေ့က ယှဉ်ပြိုင်ကစားကြရာ ဝက်စ်ဟမ်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲစပြီး မကြာမတင် ပွဲချိန် ၁၈ မိနစ်တွင် ဝက်စ်ဟမ်းအသင်း၏ ခံစစ်ပျက်သွားချိန်၌ အင်ဒီတော့ဒ်က ဘလက်ခ်ဘန်းအသင်းအတွက် ဂိုးသွင်းပေးနိုင်ခဲ့သည်။

သို့ရာတွင် ပထမပိုင်းပြီးဆုံးပြီးနောက် ဝက်စ်ဟမ်းအသင်းက ပိုမိုဖိကစားလာခဲ့သည်။ ပွဲချိန် ၄၆မိနစ်တွင် ဝက်စ်ဟမ်းအသင်းမှ အသက် (၃၉)နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူးဟောင်း တက်ဒီရှာရင်ဂမ်က ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။

ယင်းနောက်တွင် ဝက်စ်ဟမ်းအသင်းမှ နိုင်ဂယ်လ်ရီယိုကိုခါက ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့သည်။

ပွဲချိန် မိနစ် ၈၀ တွင် ဝက်စ်ဟမ်းအသင်းအတွက် တတိယမြောက်ဂိုးကို အီသာရင်တန်က သွင်းယူခဲ့ပြီးနောက် ဘလက်ခ်ဘန်းအသင်းမှ ဒစ်ကော့ဗ်ထုတ်ပယ်ခံခဲ့ရသည်။ ***အင်တာနက်။***

ဖူဆယ် ဘောလုံးသရုပ်ပြပွဲ ကျင်းပ လက်ရွေးစင်ဟောင်းများ ပါဝင်ကစား

ရန်ကုန် ဩဂုတ် ၁၄

ဖူဆယ် (Futsal) ငါးယောက်အားကစားရုံတွင်း ဘောလုံးပွဲသရုပ်ပြပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပရာ ရှေးဦးစွာ သရုပ်ပြပွဲကစားကြမည့် အားကစားသမားများအား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ဖူဆယ် သရုပ်ပြပွဲ၌ အနိုင်ရရှိသွား သော မြန်မာ့ လက်ရွေးစင်ဟောင်း အပြာအသင်းအား ဆုကြေးငွေ ကျပ် သုံးသိန်း ချီးမြှင့်စဉ်။ (ကြေးမုံ)

ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က တစ်ဦးချင်း လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဖူဆယ် အားကစားနည်း နည်းစနစ်များအား မြန်မာ့လက်ရွေးစင်ဟောင်းများ၊ ဒိုင်လူကြီး ဦးထွန်းလှအောင်နှင့် အခမ်းအနားမှူး ကြည်သာ (ပွဲကြိုက်ခင်) ရုပ်ရှင်သရုပ်ဆောင် အရိုင်းနှင့် ဖိုးဖြူတို့က သရုပ်ပြရှင်းလင်းတင်ပြကြပြီးနောက် သရုပ်ပြပထမပွဲစဉ်အဖြစ် အား/ကာသိပ္ပံ အနီအသင်းနှင့် အဝါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဝါအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားသည်။

အနိုင်ရရှိ

ဆက်လက်၍ မြန်မာ့လက်ရွေးစင်ဟောင်း ဘောလုံးသမားများ၏ သရုပ်ပြပွဲကို ဆက်လက်ကျင်းပရာ အပြာအသင်းက အဖြူအသင်းကို ၁၂ ဂိုး-၈ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမပွဲထွက် ကစားသမားများအဖြစ် အပြာအသင်းတွင် ဂိုး-အောင်ကျော်ကျော်၊ သန်းတိုးအောင်(အသင်းခေါင်းဆောင်)၊ မျိုးလှိုင်ဝင်း၊ ကျော်မင်း၊ ထွန်းထွန်းထက်၊ အဖြူအသင်းတွင် ဂိုး-ကိုကိုအောင်၊ စိုးနိုင်၊ ကြည်လွင်၊ သန်းဝေ၊ တင်မြင့်အောင်(အသင်းခေါင်းဆောင်)တို့ပါဝင် ကစားခဲ့ကြသည်။ အပြာအသင်းတွင် တင်မျိုးအောင်၊ ထွန်းမြင့်လွင်၊ ဇော်ဦး၊ ဇော်လေးအောင်၊ စိုးနိုင်၊ တင်မောင်သိန်း(ဂိုး)နှင့် သက်နိုင်၊ အဖြူအသင်းတွင် ဟန်ထွန်း၊ မောင်မောင်ဌေး၊ အေးနိုင်၊ အောင်နိုင်၊ အောင်ထွန်းထွန်း၊ မင်းကြည်နှင့် စိုင်းမောင်မောင်ဦး(ဂိုး)တို့ အရန်ကစားသမားများအဖြစ် ပါဝင်ခဲ့ပြီး လူစားလဲ ဝင်ကစားခဲ့ကြသည်။

ဆုချီးမြှင့်

သရုပ်ပြပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် Family Entertainment မှ ဦးဇော်လတ်တို့က ဆုငွေများ ချီးမြှင့်ကြသည်။

မြို့တော်ဝန်ဖလား

ဖူဆယ် ကစားနည်းသည် တစ်ဖက်ငါးဦးစီကစားရပြီး အရန်လူ ခုနစ်ဦးအား အကြိမ်ကြိမ် လဲကစားနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ပထမဆုံး ဖူဆယ်အားကစားရုံတွင်း ဘောလုံးပြိုင်ပွဲအဖြစ် အောက်တိုဘာလ၌ မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အဖြူအသင်းမှ ကြည်လွင်၏ ထိုးဖောက် ဂိုးသွင်းမှုကို အပြာအသင်း ဂိုးသမား အောင်ကျော်ကျော် နှင့် ကျော်မင်း တို့ ဖျက်ထုတ် ကာကွယ်စဉ်။

(ကြေးမုံ)

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဂုဏ်ထူးဆောင်စာပေပါရဂူ(D.Litt.) ဘဒ္ဒန္တ ဒေါက်တာသီလာနန္ဒာဘိဝံသ သက်တော်(၇၈)နှစ်၊ ဝါတော် (၅၈)ဝါ ၏ ထေရုပ္ပတ္တိတော်



ဆရာတော် လောင်းလျာ ကို ၁၉၂၇ခုနှစ် ဒီဇင်ဘာလ ၁၆ရက် (သောကြာနေ့) (၁၂၈၉ခုနှစ် နတ်တော် လပြည့်ကျော် ၈ရက်) တွင် မန္တလေးမြို့၌ ခမည်းတော် ဝဏ္ဏကျော်ထင် ဆရာဆိုင်နှင့် မယ်တော် ဒေါ်မုန်းတို့မှ မွေးဖွားခဲ့သည်။ ၁၉၄၃ ခုနှစ် ဧပြီလတွင် စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယ ချောင်၌ ရှင်သာမဏေ အဖြစ်ရောက်ရှိခဲ့ပြီး ၁၉၄၇ ခုနှစ် ဇူလိုင်လ ၂ရက် (၁၃၀၉ခုနှစ်၊ ဝါဆိုလပြည့်နေ့)တွင် ဆရာတော် ဦးပညာဝံသကို ဥပဇ္ဈာယ်ပြု၍ ထိုကျောင်း၌ပင် ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။

ငယ်စဉ်က မန္တလေးမြို့ ကယ်လီအထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့သည်။ ၁၉၄၃ခုနှစ် ရှင်သာမဏေဘဝမှစ၍ စစ်ကိုင်းတောင်ရိုးတွင် ဗုဒ္ဓစာပေများကို လေ့လာခဲ့ရာ ရဟန်းတစ်ဝါအရတွင် မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၌ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့နှင့် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။ ထို့ပြင် London General Certificate of Education Examination ကို ပါဠိ/သက္ကတဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ ဂုဏ်ထူးဆောင် စာပေပါရဂူ Doctor of Letters (Honoris Causa) ဘွဲ့တံဆိပ်တော်၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များကို အလှူခံရရှိတော်မူခဲ့သည်။

၁၉၇၉ခုနှစ်တွင် မဟာစည်ဆရာတော်ကြီးနှင့်အတူ အမေရိကန်နိုင်ငံသို့ သာသနာပြုခရီးကြွရောက်ခဲ့၍ အမေရိကန်နိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာအသင်းကိုထူထောင်ခဲ့သည်။ ၁၉၈၀ပြည့်နှစ်တွင် ဓမ္မနန္ဒဝိဟာရကျောင်းကို တည်ထောင်ခဲ့ပြီး ပဓာနနာယကဆရာတော် အဖြစ်လည်းကောင်း၊ ဓမ္မစက္ကကမ္မဋ္ဌာန်းရိပ်သာ၊ တထာဂတကမ္မဋ္ဌာန်းရိပ်သာ၊ ဗောဓိဓမ္မရိပ်သာ၊ မက္ကဆီကိုနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာအသင်း၊ ဂျမေကာ ထေရဝါဒဗုဒ္ဓဘာသာအသင်းတို့၏ ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ ရွှေကျင်ဂိုဏ်းလုံး သံဃာ့ဝန်ဆောင်အဖွဲ့ဝင်၊ ပြည်ပသာသနာပြု ရွှေကျင်နိကာယ သံဃနာယက၊ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော်၊ မန္တလေးမြို့ အဘယာရာမ ကျောင်းတိုက်၏ ပဓာနနာယကဆရာတော်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ပါမောက္ခချုပ်ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ထို့အတူ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊မက္ကဆီကို၊ ဂျမေကာ၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် အခြေခံဗုဒ္ဓဓမ္မများ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊ ဓမ္မပဒအဋ္ဌကထာ၊ ပဋိစ္စသမုပ္ပာဒ်ဒေသနာတို့ကို သင်တန်းပို့ချခြင်း၊ တရားစခန်းများ ဖွင့်လှစ်တရားပြခြင်းများအစရှိသည့် သာသနာပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်ဘာသာများဖြင့် ကျမ်းစာအုပ်ပေါင်း မြောက်မြားစွာကိုလည်း ပြုစုရေးသားတော်မူခဲ့သည်။

ဆရာတော်ကြီးသည် ၁၃-၈-၂၀၀၅ရက် (၁၃၆၇ခုနှစ် ဝါခေါင်လဆန်း ၉ရက်) (စနေနေ့) မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲအချိန်တွင် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ် Red Wood City မြို့ရှိ Kaiser Hospital ၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

စာသင်တိုက်ကြီးများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲများ ကျင်းပ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် အလှူရှင်များ လှူဒါန်းသော ဆွမ်းပဒေသာပင်အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ စာသင်တိုက်များနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားများကို ယနေ့မွန်းလွဲပိုင်းတွင် သတ်မှတ်နေရာ အသီးသီး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဒဂုံမြို့နယ်

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက် ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အမှူးပြုသော စာသင်တိုက်များမှ ပဓာန နာယက ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းနှင့် တပ်မတော် အရာရှိကြီးများ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်နှင့် ပြည်သူ – မြတ်အလှူ

✳ သန္တေတောထွက်၊ ဓမ္မစက်ဟု
ဟောမြွက်ချိန်ခါ ၊ ဆင်တာရာနှင့်
ရာသီကရကဋ်၊ လမြတ်ခါကို
ပုန်းညက်ညိုပွင့်၊ ရွှန်းစိုတင့်ဆန်း
မြတ်လေးလန်းလျက်၊ ပန်းမိကျောင်းဖွေး
မိုးအေးအေးမှာ၊ ရှေးစဉ်လာမို့
မြန်မာတို့အလှူပွဲ၊ ခြိမ့်ခြိမ့်သဲသည်
ဝါဆိုပွဲလ မြတ်ပေမို့။

✳ စာပေပိဋကတ်၊ ပရိယတ်နှင့်
ပဋိပတ်တရား၊ ကျင့်ပွားများကာ
ဝါဆိုဝါကပ်၊ သံဃာမြတ်အား
ဆက်ကပ်နှစ်စဉ်၊ စေတနာရှင်တို့
ပဒေသာပင်စိုက်ထူ၊ ဆွမ်းဆန်တော်လှူပွဲ
ခြိမ့်ခြိမ့်နွဲပျော်၊ တပ်မတော်သား
မိသားစုများနှင့်၊ တိုင်းသားပြည်သူ
ကုသိုလ်ယူကြ၊ ပြုဒါနသည်
ဗုဒ္ဓသာသနာ စည်ပင်ဖို့။

✳ ရည်ရွယ်ချက်လေးရပ် ၊ သတ်မှတ်ထားပြီး
အကြီးအကဲလမ်းညွှန်၊ ဆန္ဒမွန်ကို
ကျိုးနွံဖော်ဆောင်၊ အောင်ရန်ရည်ရွယ်
လေးသွယ်ချမှတ်၊ တပ်မတော်သားတို့
ကိုယ်စားပြုကာ၊ အလှူဒါန
ပြုကြရာတွင်၊ ပါဝင်ညီတူ
ပြည်သူကုသိုလ်၊ ရစေလို၏
ထိုပြင်တစ်ဝ၊ ဓူရနှစ်ဖြာ
သာသနာအကျိုး၊ သယ်ပိုးသူမြတ်
ပရိယတ္တိသင်ရေး၊ စိတ်အေးချမ်းသာ
ရှိပါစေအောင်၊ တောင်းဆုဆောင်သည်
ငါးထောင်သာသနာ ကျော်စေဖို့။

✳ ဗုဒ္ဓအဆုံးအမ၊ ဩဝါဒကို
မူလအခြေပြု၊ ယဉ်ကျေးမှုအနှစ်
မျိုးချစ်စိတ်ထက်သန်၊ ဇာတိမာန်မြင့်မား
အမျိုးသားအကျိုး၊ သယ်ပိုးဆောင်ပေး
လူမှုရေးဦးတည်ချက်၊ ဆက်လက်ထိန်းမည်
ရည်ရွယ်ကာပ၊ ပြုဒါနကို
ဝေမျှလို၍၊ ညီအစ်ကိုနှောင်ဘွား
တပ်မတော်သားနှင့်၊ ပြည်သားအစုစု
သာဓုခေါ်စေ၊ အမျှဝေသည်
မသွေသုခ ရစေဖို့။

✳ ဖွံ့ဖြိုးခေတ်မီ ပြည်သစ်ဆီ
ဦးတည်ဆယ့်နှစ်ရပ်ပြည့်စေဖို့။

✳ တပ်နှင့်ပြည်သူစုပေါင်းလှူ
နတ်လူသာဓုခေါ်စေဖို့။ ။

ဖိုးရန်နိုင် (ကျောက်ကြီး)

[တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဝါတွင်းကာလ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲများကို ဂုဏ်ပြုလျက်–]